# သတင်းလွှာ




အတွဲ(၄)၊အမှတ်(၁၂)။

၂၀၁၀ ခုနှစ်၊ဖေဖော်ဝါရီလ(၁၉)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## မီးစက်များမှ အငွေ့ကြောင့် အဆိပ်သင့်ရောဂါများဖြစ်နိုင်

မီးစက်ကြောင့်ဖြစ်ပေါ်လာသော အငွေ့များမှ အဆိပ်သင့်ခြင်းများဖြစ်ပေါ်လာနိုင်ကြောင်းနှင့် ပမာဏများများရှူရှိုက်မိခြင်းဖြင့်အသက်သေဆုံးသည်အထိဖြစ်နိုင်ကြောင်း ဆေးသုတေသနဦးစီဌာန (အောက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူးတစ်ဦးကပြောသည်။ စက်ရုံများ၊ မော်တော်ယာဉ်များမှ လောင်စာများ လောင်ကျွမ်းခြင်းကြောင့် ထွက်လာသောဂက်စ်များ၊ ဒြပ်ပေါင်းများမှာ လေထုကို ညစ်ညမ်းစေပြီး ကင်ဆာ၊ မျိုးပွားကျန်းမာရေးနှင့်ဆိုင်သောပြဿနာများ၊ အသက်ရှူလမ်းကြောင်းနှင့် ပတ်သက်သောရောဂါများ၊ ခုခံအား ကာကွယ်ရေးစနစ်များကိုထိခိုက်စေသော ကျန်းမာရေးပြဿနာများဖြစ်ပေါ်စေကြောင်း ၎င်းကဆက်လက်ပြောသည်။ မီးစက်မှထွက်သော မီးခိုးငွေ့တွင် NO( Nitrogenoxide), Hydro carbons, Volatile Organic Compounds, Carbon Monoxide poisoning စသည့်ဒြပ်ငွေ့များ ပါဝင်သည်။ ထိုဒြပ်များတွင်ပါဝင်သည့် ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့မှာ အရောင်မဲ့၊ အနံ့မဲ့ပြီး သာမန်မျက်စိဖြင့်မမြင်နိုင်သော်ကြောင့်သတိမထားမိခင်မှာပင် လူကိုသေစေနိုင်သောအဆိပ်ရှိသည့် ဓာတ်ငွေ့ဖြစ်ကြောင်း၎င်းကဆက်လက်ပြောသည်။ " အသက်အရွယ်၊ ကျန်းမာရေးအခြေအနေ၊ ကာဗွန်မိုနော့ဆိုက်ဓာတ်ငွေ့ရှူမိတဲ့ပမာဏနဲ့ အချိန်ဘယ်လောက်ကြာကြာ ရှူမိသလဲဆိုတဲ့ အချက်ပေါ်မူတည်ပြီးဓာတ်ငွေ့အကျိုးသက်ရောက်မှုကြာချိန်က လူတစ်ဦးနဲ့တစ်ဦးမတူညီနိုင်ဘူး။ ကာဗွန်မိုနော့ဆိုက်အဆိပ်သင့်ခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ရောဂါတွေက ရာသီမရွေးပြောင်းလဲမှုမရှိနိုင်ပါဘူး။ "ကျန်းမာရေးမထိခိုက်စေလိုဘဲမီးစက်ကိုအသုံးပြုမယ်ဆိုရင်လူနေအိမ်တွေနဲ့ ဝေးဝေးထားပါ။ တိုက်ခန်းဆိုရင်အခန်းအပြင်မှာထားပါ။ အလုံပိတ်အခန်းတွေမှာမထားပါနဲ့။ မီးစက်ကိုပုံမှန်စစ်ဆေးပါ။ အင်ဂျင်ကျနေရင်ပြုပြင်ပါ။ မီးခိုးနဲ့အညှော်တွေကိုအိမ်တွင်းမအောင်းအောင် လေကောင်းလေသန့်ရအောင်လုပ်ထားပါ"ဟု အဆိုပါ ကျန်းမာရေး ကျွမ်းကျင်သူကအကြံပြုပြောကြားကြောင်း၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်နေ့ထုတ်မြန်မာတိုင်း(မ်)ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကိုယ်ပိုင်လူမှုကွန်ရက်ဝက်ဘ်ဆိုက် Buzz ကို ဂူးဂဲလ်တည်ထောင်

အင်တာနက်ရှာဖွေရေးအင်ဂျင်ကြီးဂူးဂဲလ်သည် Facebook နှင့် Twitter ကဲ့သို့သော လူမှုကွန်ရက်ဝက်ဘ်ဆိုက်များကို ယှဉ်ပြိုင်နိုင်ရန် Buzz ဟုခေါ်သော လူမှုကွန်ရက်ဝက်ဘ်ဆိုက်ကိုတည်ထောင်လိုက်ပြီဖြစ်သည်။ ဂူးဂဲလ်၏ အဆိုပါလူမှုကွန်ရက်ဆိုက်ကို ၎င်း၏အီးမေးလ်ဝန်ဆောင်မှုဖြစ်သော ဂျီးမေးလ်နှင့်ချိတ်ဆက်ထားပြီး၊အသုံးပြုသူများသည်ဆိုက်တွင် ဓာတ်ပုံများတင်ခြင်း၊ စာများရေးသားခြင်း၊ မိတ်ဆွေသူငယ်ချင်းများ၏ စာများအပေါ် မှတ်ချက်ရေးသားခြင်းများပြုလုပ်နိုင်မည်ဖြစ်သည်။ ဘီဘီစီ၏ နည်းပညာသတင်းထောက်ရှိုင်းဆယ်လင်ဂျုန်းစ်ကလည်း "ဂူးဂဲလ်ဟာ Buzzကိုတည်ထောင်ရင်းစိတ်ဝင်စားဖွယ်Features အသစ်တွေပါ အများကြီးထည့်သွင်းပေးထားပါတယ်။ အထူးသဖြင့် Mobileအသုံးပြုသူတွေအတွက်လုပ်ပေးထားတာပါ" ဟုပြောသည်။ မကြာသေးမီက ထုတ်လွှင့်မှု သက်တမ်းခြောက်နှစ်ပြည့်သွားသည့်လူမှုကွန်ရက်ဝက်ဘ်ဆိုက်Facebookသည်ယခုအခါ ဆိုက်ကိုသုံးစွဲသူ ပေါင်းသန်း ၄၀၀နီးပါးခန့်ရရှိနေပြီဖြစ်သည်။ ယခုဂူးဂဲလ်၏ Buzz မှာမူ ၎င်းတို့၏ ဂျီမေးလ်ဆားဗစ်နှင့် ချိတ်ဆက်ထားသည့်အတွက်ကမ္ဘာတစ်ဝန်းမှဂျီမေးလ်သုံးစွဲသူပေါင်းသန်း ၁၇၀ခန့်ကိုဆွဲဆောင်နိုင်မည်ဟု မျှော်မှန်းထားသည်။ "ဒီ Buzz မှာ အားသာတဲ့ အချက်တစ်ခုက အသုံးပြုသူရဲ့ရေးသားနိုင်တဲ့စာလုံးအရေအတွက်ကို Twitter လို ကန့်သတ်ထားခြင်း မရှိတာဟာ သူ့ရဲ့အားသာချက်ဖြစ်တယ်။ ပြီးတော့ Google ကစတင်မိတ်ဆက်လိုက်တဲ့ Buzz က Facebook ရဲ့နည်းပညာ အတိုင်းတုပထားတာဖြစ်တယ်"ဟုနည်းပညာလေ့လာသူ ကိုဇာနည်ကသူ၏အမြင်ကိုပြောသည်။ ထိုကဲ့သို့ Google မှခြေလှမ်းများသွက်လာသည့် အချိန်တွင် Facebook ကလည်း မကြာမီတွင် ဂျီမေးလ်ကဲ့သို့ အီးမေးလ်ဝန်ဆောင်မှု အသစ်တစ်ခုကို ပရောဂျက် Titan အမည်ဖြင့် သူ၏ သုံးစွဲသူများအတွက် ဖန်တီးပေးရန်စီစဉ်နေကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ၁၈ရက်နေ့ထုတ် 7Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## လူငယ်အိုင်တီပညာရှင်များအတွက် အခွင့်အလမ်းတစ်ခု

မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်း ( MCPA) မှ ကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်( MCF) နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်းချုပ်( MCF) နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း (MCIA) တို့မှ ဦးစီးကျင်းပမည့် Software & Solution Exhibition 2010 တွင်လူငယ်များအနေဖြင့် ကိုယ်ပိုင်ဖန်တီးထားသော ဈေးကွက်အတွင်းရောင်းချခြင်းမပြုလုပ်ရသေးသည့် နည်းပညာဆိုင်ရာ Project သို့မဟုတ် Product များအား အများပြည်သူသို့ ပြသနိုင်မည့်အစီအစဉ်တစ်ရပ်ကိုအထက်ပါ အသင်းများမှ အခမဲ့ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ယခုလ ၂၆ရက်မှ ၂၈ရက်အထိ ရန်ကုန်တိုင်း လှိုင်တက္ကသိုလ်နယ်မြေတွင် ပထမဆုံးအကြိမ်အဖြစ်ကျင်းပမည့် Software& Solution Exhib -ition 2010 တွင် နည်းပညာကိုစိတ်ဝင်စားသောလူငယ်များအတွက် စိတ်ဝင်စားသောလူငယ်များအတွက်စီစဉ်ပေးသော ယင်းအစီအစဉ်တွင်ပါဝင်ပြသလိုသည့် လူငယ်များသည် ကိုယ်ပိုင်တီထွင်ထားသော နည်းပညာများသာဖြစ်ရမည်ဖြစ်ပြီး၊ တခြားသူများ၊ တခြားအဖွဲ့အစည်းများထံမှ ကူးယူထားခြင်းမျိုးမဖြစ်စေရဟုသိရသည်။ မြန်မာနိုင်ငံကွန်ပျူတာအသင်းများမှလူငယ်များ၊ ကျောင်းသားကျောင်းသူများအတွက် ပြခန်းတစ်ခုချင်းစီ၏ ထိပ်တွင်ပြနိုင်ရန် စီစဉ်ပေးထားပြီး၊ လိုအပ်သော ကိစ္စရပ်များကို အပြည့်အဝ အကူအညီပေးမည်ဟုသိရသည်။ မိမိတို့၏ နည်းပညာတီထွင်ဖန်တီးမှုများကို အများပြည်သူသို့အခမဲ့ပြသနိုင်မည့် အဆိုပါအခွင့်အရေးတွင် တာဝန်ရှိသူများမှ တစ်ဦးချင်းသို့မဟုတ်အဖွဲ့လိုက်အတွက် နေရာသုံးဆယ်မှ လေးဆယ်အထိ စီစဉ်ပေးမည်ဟု MCTA မှတာဝန်ရှိသူတစ်ဦးဖြစ်သော ဦးမင်းဦးကပြောသည်။ မိမိတို့၏ကိုယ်ပိုင်တီထွင်ဖန်တီးမှုများကို ပြသလိုသည့်လူငယ်များသည် Open Source, R&D ( Researcg & Development), Academic Projects များကို ဝင်ရောက်ပြသနိုင်ရန် ခွင့်ပြုထားကြောင်း၊ တစ်ဦးချင်းသို့မဟုတ်အဖွဲ့လိုက်လည်းဝင်ရောက်ပြနိုင်ကြောင်းသိရသည်။ ပြပွဲကာလ သုံးရက်တွင် အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများပါဝင်မည့် e- Government နှင့် သက်ဆိုင်သော အကြောင်း အရာများကို ဆွေးနွေးနိုင်မည့် e- Government Day,Produ -ct Presentation ခေါင်းစဉ်များနှင့် အလုပ်ရုံဆွေးနွေးပွဲများကို သုံးရက်လုံးကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါပြပွဲတွင်မိမိတို့၏ နည်းပညာဆိုင်ရာ တွင်ဖန်တီးမှုများကို ဝင်ရောက်ပြသလိုသည့် လူငယ်များကို ဝင်ရောက်ပြသလိုသည့် လူငယ်များသည် MCPA သို့ပြပွဲရက်မတိုင်မီ ပြသလိုသည့်အကြောင်းအရာများအားကြိုတင်စာရင်းပေးသွင်းထားရမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဖေဖော်ဝါရီ ၁၈ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## အကြွေးဝယ်ကတ်သုံးစွဲခြင်းဖြင့် ငွေကြေးလည်ပတ်မှုနှင့် ငွေပေးချေမှုပိုမိုအဆင်ပြေနိုင်ကြောင်း ပညာရှင်များနှင့် လုပ်ငန်းရှင်များသုံးသပ်

ကြွေးဝယ်ကတ် (Credit Card, Debit Card, Smart Card) သုံးစွဲခြင်းဖြင့် ငွေကြေးလည်ပတ်မှုနှင့် ငွေပေးချေမှုပိုမိုအဆင်ပြေလွယ်ကူနိုင်ကြောင်း ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကျွမ်းကျင်သူပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်လျက်ရှိပါသည်။ လက်ရှိအချိန်တွင် အကြွေးဝယ်ကတ်သည် နိုင်ငံတကာတွင် မှတ်ပုံတင်နှင့် နိုင်ငံကူးလက်မှတ်နည်းတူ အရေးပါကြောင်းလည်း သိရှိရသည်။ "ငွေကြေးလည်ပတ်မှုကို အထောက်အကူပြုနိုင်ဖို့အတွက် ငွေစက္ကူအမျိုးအစားအသစ်တွေထုတ်ပေးသလို တခြား ခေတ်မီနည်းလမ်းတွေဖြစ်တဲ့ Credit Card, Debit Card, Smart Card လို Digital Money တွေလည်း အသုံးပြုသင့်တယ်။ Digital Money ဖွံ့ဖြိုးလာရင် ငွေစက္ကူထုတ်ဝေတာ သက်သာသွားမယ့်အပြင် ငွေကြေးစီးဆင်းလည်ပတ်မှုလည်း လျင်မြန်ချောမွေ့စေမှာပါ"ဟု ဘဏ်ငွေကြေးလုပ်ငန်းကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောသည်။ အကြွေးဝယ်ကတ်သည် ဘဏ်များ၏ အဓိကလုပ်ငန်းများဖြစ်သောအပ်ငွေလက်ခံခြင်းလုပ်ငန်းနှင့်ငွေထုတ်ချေးခြင်းလုပ်ငန်းကိုတစ်ပြိုင်တည်းအကောင်အထည်ဖော်နိုင်သည့်စနစ်ဖြစ်ပြီးလက်လီဘဏ်လုပ်ငန်း(Retail Banking)ဖြစ်ကြောင်း၊ ထို့အပြင်အကြွေးဝယ်ကတ်သည် စားသုံးသူချေးငွေအခွင့်အလမ်းတစ်ရပ် (Consumer Credit Facility)ဖြစ်ပြီး ငွေကြေးလည်ပတ်မှုကို အထောက်အကူပြုခြင်း၊ ငွေကိုင်ပြီးအသုံးပြုရန်မလိုအပ်ခြင်း၊ ငွေကြေးလုံခြုံမှုရှိခြင်း၊ ငွေရေတွက်ရသက်သာခြင်း၊ သယ်ဆောင်ရလွယ်ကူခြင်း၊ ဘဏ်ငွေအသွင်းအထုတ်လုပ်ရန်မလိုခြင်း၊ ဘဏ်များမှ စာရင်းရှင် အပ်နှံငွေရရှိခြင်းစသည့် အားသာချက်များကြောင့် ငွေကြေးစီးဆင်းမှုအဆင်ပြေနိုင်သည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရပါသည်။ အကြွေးဝယ်ကတ်သုံးစွဲခြင်းသည် ငွေကြေးလည်ပတ်မှုနှင့် ငွေပေးချေမှုအပါအဝင် ငွေလှည့်လည်သုံးစွဲမှုအခြေအနေများကို အထောက်အပံ့ဖြစ်စေသည်များရှိသော်လည်း ဖြစ်သင့်သည့်အတိုင်းအတာထက် အသုံးပြုခွင့်ပေးခြင်းကြောင့်စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်နိုင်သည့်အခြေအနေများလည်းရှိကြောင်း၊ စည်းမျဉ်းစည်းကမ်းနှင့် စောင့်ကြည့်ထိန်းသိမ်းမှုအားနည်းခြင်းများဖြစ်ပေါ်နေချိန်တွင်ရရှိနိုင်သည့်အားနည်းချက်များမှာ ငွေကြေးဖောင်းပွမှုများပြားနိုင်ခြင်း၊ ကုန်ဈေးနှုန်းတက်နိုင်ခြင်း၊ စားသုံးသူများမှ လွယ်လွယ်များများ အသုံးပြုနိုင်ခြင်းကြောင့် အကြွေးများလာခြင်း၊အသုံးစရိတ်များလာခြင်းတို့ကို တွေ့ကြုံနိုင်သည်ဟုကျွမ်းကျင်သူများက သုံးသပ်ကြကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## နေ့လယ်ခင်းအပူပြင်းပြီး ညလယ်တွင်အေးနေခြင်းက သင်၏ကျန်းမာရေးကို ထိပါးနိုင်

ယခုလတွင် အယ်လ်နီညို၏သက်ရောက်မှုကြောင့် နေ့လယ်ပိုင်းတွင် အပူရှိန် ပြင်းထန်နေပြီး ညလယ်ပိုင်းခန့်တွင်မှ ဝင်ရိုးစွန်းလေများ တိုက်ခတ် ဝင်ရောက်နေမှုကြောင့် အအေးဒဏ်ကို သိသာစွာ ခံစားနေရသဖြင့် အပူနှင့်အအေးတစ်လှည့်စီ ကျရောက်နေခြင်းအပေါ် သတိထားကြရန်လိုသည်ဟု သိရသည်။ အပူအအေးပြောင်းလဲမှုနှင့်ပတ်သက်၍ " မြန်မာနိုင်ငံရဲ့ လက်ရှိဆောင်းက အအေးပေ့ါတဲ့ဆောင်းလို့ ယေဘုယျပြောနိုင်တယ်။ ၂၀၀၉မှာဖြစ်တဲ့ အယ်လ်နီညိုက အခုတဖြည်းဖြည်း လျော့လာပြီ ဆိုပေမယ့် ဒါရဲ့သက်ရောက်မှုက ဒီနှစ်ဆောင်းကို အအေးပေ့ါစေခဲ့တယ်။ အများအားဖြင့် ပူပြီး တစ်ချက်တစ်ချက်မှာ အေးလာတာက ဆိုက်ဘေးရီးယား ကုန်းမြေဘက်ကလေအေးတွေ မြန်မာနိုင်ငံကို တစ်ခါတစ်ခါတိုက်ခတ်ဝင်ရောက်လာတဲ့အတွက်ဖြစ်တယ်။ သမားရိုးကျပုံစံနဲ့မဟုတ်တဲ့ ဝင်ရိုးစွန်းလေတွေကြောင့် လေအေးတွေဝင်တဲ့အချိန်မှာ အေးတယ်။ ကျန်တဲ့အချိန်တွေမှာ အအေးပေ့ါတယ်။ ပြောမယ်ဆိုရင်ဒီဆောင်းက ဆောင်းမပီပြင်တဲ့ဆာင်းပေ့ါ" ဟု မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ကပြောသည်။ နေအပူရှိန်ပြင်းသည့်အချိန်အတွင်း လူကျပ်သည့်လိုင်းကားများမှတ်တိုင်တွင်အကြာကြီးရပ်ထားသည့်အခါမျိုးတွင် ရောဂါအခံရှိသူများအနေဖြင့် အပူဒဏ်ခံစားရမှုအပေါ် စိတ်ဖိစီးမှုများပြီး ရုတ်တရက် သတိလစ်ကာ အသက်ဆုံးရှုံးခြင်း၊ ဦးနှောက် သွေးကြောပြတ်ခြင်းများ ဖြစ်လာနိုင်၍ အဆိုပါအခြေအနေမျိုး ကြုံတွေ့လာရပါက လိုင်းကားနှင့် အလုံပိတ်အခန်းများ၏ အပြင်သို့ ထွက်ကာ လေကောင်းလေသန့်ရှူ၍ ငြိမ်သက်စွာ နားနေသင့်သည်ဟု သိရသည်။ "ယခုလို ရာသီမျိုးမှာ နေ့ဘက်ကို အပူစုပ်တဲ့ အနက်ရောင်အဝတ်အစားတွေ မဝတ်သင့်ဘူး။ နေအပူရှိန်သိပ်ပြီးပြင်းတဲ့ မွန်းတည့်အချိန်မျိုးမှာ ရေချိုးတာကိုလည်းရှောင်သင့်တယ်။ အပူဒဏ် ကာကွယ်ရေးနိုးဆော်ချက်တွေကို လိုက်နာဆောင်ရွက်ဖို့လည်း လိုအပ်တယ်။ ညဦးမှာ ပူပြီးညလယ်နဲ့အရုဏ်တက်ချိန်လောက်မှ အေးလာတဲ့အတွက်လည်းသတိထားဖို့လိုတယ်။ အထူးသဖြင့် သောက်တတ်စားတတ်သူတွေအနေနဲ့ ပူတယ်ဆိုပြီး အကျႌဗလာနဲ့ အိပ်ရာမဝင်သင့်ဘူး၊ လေဖြတ်နိုင်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ထုတ် Po -pular News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာပြည်မှာရှိနေတဲ့ ဆော့ဖ်ဝဲတွေကို လာကြည့်စေချင်ပါတယ်

Software & Solution Exhibition 2010 ၌ ကုမ္ပဏီပေါင်း ၂၇ခုမှ ပြခန်းပေါင်း ၃၆ခု ဌားရမ်းပြသမည်ဟု ဖေဖော်ဝါရီ ၁၁ရက်နေ့က မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ အစည်းအဝေးခန်းမတွင်ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။ Software & Solution ပြပွဲအား လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်၏ Function Hall 1, Function Hall 2နှင့် Conference Hall တို့တွင် ဖေဖော်ဝါရီလ ၂၆ရက်နေ့မှ ၂၇ရက်နေ့အထိ သုံးရက်တိုင်တိုင်ပြသမည်ဖြစ်သည်။ ပြပွဲ၌ Software & Solution တို့ ပြသမည့်အပြင် Product Presentation နှင့် အလုပ်ရုံဆွေးနွေးပွဲများကိုပါ ကျင်းပပေးမည်ဟုသိရသည်။ ပြပွဲပထမနေ့တွင်e-Government ဆိုင်ရာအကြောင်းအရာများအားအဓိကဆွေးနွေးသွားမည်ဟုသိရပြီး Manufacturing, Hotel & Tourism, Security, Banking, e-Education, Retail, Construction, Fisheries, Hospital & Clinics, Logistics, General စသည့် Product Presentation ခေါင်းစဉ်များဖြင့် အလုပ်ရုံဆွေးနွေးပွဲများကို ပြပွဲပြသသည့် သုံးရက်အတွင်း၌ ဆွေးနွေးသွားမည်ဟု သိရသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများနဲ့ စပ်လျဉ်း၍ Product Presentation အား Target Industry သို့ ထိရောက်စွာရောက်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ယင်းတို့၏အကြံပြုချက်များ ပါဝင်နိုင်ရန်ပြုလုပ်ထားကြောင်း၊ယခင်ပွဲများကဲ့သို့ ကွန်ပျူတာအသင်းတစ်ခုတည်းမှ ကျင်းပခြင်းမဟုတ်ကြောင်းနှင့် ကွန်ပျူတာအသင်းများ၊ စီးပွားရေးအဖွဲ့အစည်းများပူးပေါင်း၍ကျင်းပသည့်ပွဲဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ၁၅ရက်နေ့ထုတ် အလင်းတန်းဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## ထိုင်းနိုင်ငံက ဆန်တင်သွင်းမှုအရည်အသွေး သတ်မှတ်လိုက်သည့်အတွက် ဆန်ချောဈေးတက်

AFTA အစီအစဉ်အရ ပြည်တွင်းဆန်ထုတ်လုပ်သူများအားထိခိုက်မှုမရှိစေရန်ထိုင်းနိုင်ငံသို့တင်သွင်းမည့်ဆန်များအားစံချိန်စံညွှန်းသတ်မှတ်လိုက်သည့်အတွက်ပို့ကုန်သမားများ ဆန်ချောအဝယ်လိုက်လာကာ ဆန်ချောများဈေးတက်သွားကြောင်း သိရသည်။ ထိုကဲ့သို့ ထိုင်းနိုင်ငံက ဆန်အရည်အသွေးကိုသတ်မှတ်လိုက်သည့်အတွက်မြန်မာနိုင်ငံမြဝတီနယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ဆန်တင်ပို့မှုမှာ ပြီးခဲ့သည့် ဇန်နဝါရီမှ ယနေ့အထိ အထွက်မရှိတော့ကြောင်း မြဝတီနယ်စပ် ကုန်သည်များက ပြောဆိုသည်။ ထိုကိစ္စနှင့်ပတ်သက်၍နယ်စပ်ကုန်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးက "မြဝတီဘက်ကို တရားဝင်ဆန်ပို့တာကို မြန်မာနိုင်ငံဘက်က ပိတ်ထားတာမဟုတ်ပါဘူး။ မူဝါဒနဲ့ညီညွတ်ရင် လိုင်စင်ပေးပါတယ်" ဟု ပြောကြားသည်။ထိုင်းအစိုးရက AFTA အစီအစဉ်အရ ယခုနှစ် ဇန်နဝါရီလ ၁ရက်မှ စတင်၍ အကောက်ခွန်သုညရာခိုင်နှုန်းသို့လျှော့ချခဲ့ပြီးနောက်၎င်းနိုင်ငံ၏လယ်သမားများနှင့်စီးပွားရေးလုပ်ငန်းရှင်များအား လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးနှုန်းကျဆင်းမှုမှကာကွယ်ရန်အတွက် သွင်းကုန်နှင့်ပတ်သက်သည့် လုံခြုံစိတ်ချမှုနှင့် ကြိုတင် ကာကွယ်ရေးအစီအစဉ်များကိုကန့်သတ်ခြင်းဖြစ်သည်ဟု ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားသည်။ မြဝတီနယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ သွင်းသော ဆန်မှာ ၅ မတ်နှင့် ၁၀မတ်ဆန်အမျိုးအစားများသာ အများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံက ယခုနှစ်တွင် နိုင်ငံခြားသို့ ဆန်တန်ချိန်ဆယ်သန်းခန့်ရောင်းရန် အစီအစဉ်ရှိရာ ၎င်းနှင့်နယ်နိမိတ်ချင်းထိစပ်နေသော ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ ဆန်လိုအပ်ချက်များရှိကြောင်း သိရသည်။ရန်ကုန်ဈေးကွက်အတွင်းသို့ လတ်တလောတွင်ဆန်အဝင်နည်းနေပြီး၊ဝယ်လိုအားများနေခြင်းမှာလည်း ဈေးတက် စေသောအကြောင်းရင်းတစ်ခုဖြစ်နေကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။ ပေါ်ကျွဲဆန်မှာ ယခင်ဆန် တစ်တင်းခွဲတစ်အိတ်လျှင် ၁၅၀၀၀ကျပ်ရှိရာမှ ယခု ၁၆၅၀၀ ကျပ်သို့ မြင့်တက်သကဲ့သို့ ပေါ်ဆန်းအလတ်များမှာလည်း တစ်အိတ်လျှင် ၂၁၀၀၀ ကျပ်မှ ၂၁၈၀၀ကျပ်သို့ မြင့်တက်နေကြောင်းသိရသည်။ ဆန်ဈေးကွက်အတွင်း၌ ယခုနှစ်တွင် ဆန်ကြမ်း ဈေးနှုန်းများသာ ဈေးနှုန်းပြောင်းလဲခဲ့ရာမှ ယခုတစ်ကြိမ်တွင် ဆန်ကြမ်းများဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဆန်ချောများသာ ဈေးနှုန်းမြင့်တက်နေကြောင်း ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ထုတ် 7 Days News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## သဘော်သားဖြစ်လိုသူများ ရေကြောင်းပို့ဆောင်ရေးအသိအမှတ်ပြုဆေးရုံ၊ ဆေးခန်းတွင်မျက်စိနှင့် ကျန်းမာရေးစစ်ဆေးချက် အောင်ပြီးမှသာ အခြေခံအင်္ဂလိပ်စာစာမေးပွဲ ဖြေဆိုရမည်

သဘော်သားဖြစ်လိုသူလူငယ်များအနေဖြင့် ' မြန်မာနိုင်ငံ ပင်လယ်ကူးသဘော်သား အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ကော်မတီ'၏လုပ်ထုံးလုပ်နည်းများအရ အမိကကျသည့် အခြေခံအင်္ဂလိပ်စာအရည်အချင်းစစ်စာမေးပွဲ( Basic English Skill Test) ဖြေဆိုရန်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိအမှတ်ပြုသည့် ဆေးရုံ၊ ဆေးခန်းများတွင် မျက်စိဆေးစစ်ချက်နှင့် ကျန်းမာရေးစစ်ဆေးချက်များကို အောင်မြင်ထားရမည်ဟု အဆိုပါကော်မတီမှ တာဝန်ရှိသူတစ်ဦးကဖေဖော်ဝါရီ ၅ရက်နေ့တွင်ပြောသည်။သဘော်သားတစ်ဦး ဖြစ်လာရေးအတွက် ယခင်စနစ်ဟောင်းနှင့် မတူသည့် ယခုပုံစံသစ်တွင် ကုမ္ပဏီ၏ အလုပ်ခန့်စာ( Appointment) မလိုအပ်တော့ဘဲပထမဦးဆုံး အဆင့်အနေဖြင့် BEST Test ကိုဖြေဆိုအောင်မြင်ရမည်ဖြစ်သည်။ ကုန်းပတ်၊ စက်ခန်းနှင့် စားရိပ်သာစသည့်နေရာများတွင်တာဝန်ထမ်းဆောင်လုပ်ကိုင်လိုသူများအနက် ကုန်းပတ်နှင့်စက်ခန်းတွင်လုပ်ကိုင်လိုသူ လူငယ်များအနေဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ထားရမည်ဖြစ်သကဲ့သို့ BEST မဖြေဆိုမီ အထက်ပါ ဆေးစစ်ချက်များကိုပါ စစ်ဆေးအောင်မြင်ထားရန်လိုအပ်သည်။ အခြေခံအင်္ဂလိပ်စာကျွမ်းကျင်မှုစာမေးပွဲမဖြေဆိုမီ လိုအပ်သည့်ကျန်းမာရေး ဆေးစစ်ချက်များကို ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အသိအမှတ်ပြုသည့် ဆေးရုံ၊ ဆေးခန်းများတွင်သာ စစ်ဆေးရမည်ဖြစ်ပြီး၊ မျက်စိစစ်ဆေးချက်ကို ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနတွင်စစ်ဆေးရမည်ဖြစ်သည်ဟု အထက်ပါ ပုဂ္ဂိုလ်ကပြောသည်။ စိတ်ပါဝင်စားသူ လူငယ်များအနေဖြင့် BEST ဖြေဆိုခွင့် လျှောက်လွှာကိုမြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၌ ပထမအသုတ်အနေဖြင့် ဖေဖော်ဝါရီ ၈ရက်မှ မတ်လ ၃၁ရက်အတွင်း အမျိုးသားမှတ်ပုံတင်ပါယူဆောင်ကာဖြေဆိုလိုသူကိုယ်တိုင် လာရောက်ဝယ်ယူနိုင်သည်ဟု မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှ ကျောင်းအုပ်ဦးကြည်စိုးကပြောသည်။ " စာမေးပွဲဖြေတဲ့အခါ ဖြေဆိုသူရဲ့ အမျိုးသားမှတ်ပုံတင်နံပါတ် ကိုကွန်ပျူတာမှာ ဘားကုတ်နဲ့သွင်းထားမယ်။ မေးခွန်း ၃မျိုးနဲ့အပုဒ်ရေ ၅၀ကိုအမှတ် ၁၀၀ဖိုးမေးမယ်။ အောင်မှတ် ၄၀သတ်မှတ်ထားတယ်။ စာမေးပွဲ ၁ကြိမ်မှာ လူ၃၀စစ်ဆေးပေးမယ်။ ဖြေဆိုရမယ့်အချိန်တွေကို နိုင်ငံပိုင် နေ့စဉ်ထုတ်သတင်းစာကနေ အများသိအောင်ကြေညာပေးမှာ ဖြစ်တယ်" ဟု ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့ထုတ် Popular News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကျပ် ၅သိန်းတန်ဖုန်း ငွေလက်ကျန်အကုန်သုံးမိပါက တစ်လလိုင်းပိတ်ခံရမည်

ကျပ် ၅သိန်းတန်ဖုန်းများတွင် ထည့်သွင်းသော ကြိုတင်ငွေဖြည့်ကတ် (Prepaid Top-up Card)ကို ငွေလက်ကျန်အကုန်သုံးမိပါကတစ်လလိုင်းပိတ်မည်ဖြစ်ပြီးငွေပြန်လည်ဖြည့်သွင်းပြီးမှ အဝင်အထွက်အခေါ်များ ပြန်လည်ရရှိမည်ဟု သိရသည်။ ကြိုတင်ငွေဖြည့်ကတ်တွင် နောက်ဆုံးလက်ကျန်ငွေ ကျပ် ၁၀၀၀ တိတိသာ ကျန်ရှိတော့ပါက ငွေထပ်မံဖြည့်သွင်းရမည်ဖြစ်ပြီး ကတ်သက်တမ်းမကုန်ဆုံးမီ ငွေဖြည့်ခြင်းကို မပြုလုပ်ပါက ကြိုတင်ငွေဖြည့်ကတ်အား အသုံးပြုနိုင်မည်မဟုတ်သည့်အပြင် ဝယ်ယူထားသောငွေတန်ဖိုးပါ ဆုံးရှုံးမည်ဟု သိရသည်။ ကြိုတင်ငွေဖြည့်ကတ်မှာ ပြည်တွင်းခေါ်အတွက်ကျပ် ၁သောင်းတန်နှင့် ကျပ် ၃သောင်းတန်ကတ်၊ ပြည်ပခေါ်အတွက် FEC ၂၀တန်ဟု သတ်မှတ်ထားပြီး ပြည်ပအခေါ်မလိုပါက FEC ကတ်အား ဝယ်ရန်မလိုကြောင်း သိရသည်။ "ကြိုတင်ငွေဖြည့်ကတ်က GSM ကတ်ဖုန်းတွေလို ထိုးထည့်ရတာမဟုတ်ဘူး။ ကတ်ဝယ်ပြီးရင် အပေါ်ကခဲခြစ်ပြီးနံပါတ်ရိုက်ထည့်ရတာ။ ဒီကနေ နံပါတ်ကို ရိုက်တတ်အောင် သင်ပေးလိုက်တယ်။ အိမ်ရောက်ရင် ကိုယ့်ဘာသာကိုယ်ရိုက်ထည့်ရုံပဲ။ မှားပြီးရိုက်မိတာ၅ကြိမ်ထက်ကျော်ရင်၂၄နာရီအထွက်ခေါ်လို့မရဘူး။ အဝင်တော့ ရပါတယ်။ ၁ရက်ကျော်လို့ နောက်နေ့မှ ပုံမှန်အတိုင်း ပြန်ရမယ်"ဟု Mobile Shopping Mall မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဖုန်းပြောဆိုနိုင်ရန် ကြိုက်နှစ်သက်ရာကြိုတင်ငွေဖြည့်ကတ်သည် မိမိအထွက်ခေါ်ဆိုမှုအတွက် ကျသင့်သည့်ပမာဏကို ထုတ်နုတ်သွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည။

## မြန်မာနိုင်ငံအတွက် သဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံချက် စတင်ရေးဆွဲ

ပြည်တွင်း၌ မြေငလျင်၊ မုန်တိုင်း၊ ဆူနာမီ၊ မီး စသော သဘာဝဘေးအန္တရာယ်များလျော့ပါးရေးအတွက် မြန်မာနိုင်ငံတွင် ပထမဆုံးဆောင်ရွက်နေသော"မြန်မာနိုင်ငံသဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက်" ရေးဆွဲဆောင်ရွက်မှုကို အရှိန်မြှင့် လုပ်ဆောင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။ စီမံချက်တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရေးသားပြုစုထားသော လမ်းညွှန်စာအုပ်မှာ မကြာသေးမီက ပြီးစီးခဲ့ပြီဖြစ်သည်။ ထိုစာအုပ်ကို ပြည်တွင်းမှပညာရှင်များနှင့် တာဝန်ရှိသူများက စုဆောင်းထားသော သဘာဝ ဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် အချက်အလက်များကို အခြေခံ၍ အာရှသဘာဝကြိုတင်ကာကွယ်ရေးဗဟိုဌာန၏ နည်းပညာအကူအညီဖြင့်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ထိုစီမံချက်ကိုလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ရေးဆွဲနေခြင်းဖြစ်ပြီး၊ တခြားသော အစိုးရဝန်ကြီးဌာနများ၊ မြေငလျင်ပညာရှင်၊ မိုးလေဝသ ပညာရှင်စသော ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် ပူးပေါင်းရေးဆွဲနေခြင်းဖြစ်သည်။ ဟိုဂိုသဘောတူညီချက်အရ ကုလသမဂ္ဂမှချမှတ်ထားသောဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ်၅ရပ်ကိုအခြေခံ၍ စီမံချက်၌ အသေးစိတ်ရေးဆွဲထားကြောင်း ထိုစီမံချက်ရေးဆွဲမှုတွင်ပါဝင်သော ပညာရှင်တချို့ထံမှ သတင်းရရှိသည်။ ထိုအချက် ၅ချက်မှာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် မူဝါဒများချမှတ်ခြင်းနှင့် အခြေခံအဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ မည်သည့်သဘာဝဘေးအန္တရာယ်က မြန်မာနိုင်ငံအတွက် ပို၍ အန္တရာယ်ကြီးသည်ကို သိရှိပြီး စောင့်ကြည့်မှုနှင့် သတိပေးစနစ်များထားရှိခြင်း၊ လူထုသို့ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်သော ဗဟုသုတများပိုရှိလာရန် ပညာပေးခြင်း၊ သဘာဝဘေးအန္တရာယ်များကိုကြိုတင်ကာကွယ်ပြင်ဆင်ထားပြီး၊ ကြုံတွေ့လာပါက ထိရောက်မှုရှိစွာ တုံ့ပြန်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ရန် ပို၍ နီးစပ်သောအခြေအနေများကို လျှော့ချခြင်း (ဥပမာ-မြေအနေအထားနှင့် သဘာဝပတ်ဝန်းကျင်ကို စနစ်တကျစီမံခန့်ခွဲခြင်း၊ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အလေ့အထကောင်းများ လေ့ကျင့်ရေး၊ မြေနေရာနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် စံသတ်မှတ်ချက်များထားရှိခြင်း တို့ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့ထုတ် 7 Day News သတင်းစာတွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဖေဖေါ်ဝါရီလ ၁၈ရက်နေ့မှ ၂၄ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

တနင်္သာရီတိုင်းတို့တွင် နှစ်ရက်ခန့်နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျှမ်းမျှအပူချိန်အောက် လျော့နည်းကာ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းမန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဖေဖေါ်ဝါရီလ၏ ပျှမ်းမျှအပူချိန်တို့ထက်ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် ကျန်ပြည်နယ် နှင့်တိုင်းတို့တွင် နှစ်ရက်ခန့်ဆက်လက်မြူထူများဆိုင်းနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင်၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များ အောက်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

## အာဖရိက နိုင်ဂျာနိုင်ငံတွင် အာဏာသိမ်းမှုဖြစ်ပွား

အာဖရိကတိုက် နိုင်ဂျာနိုင်ငံသမ္မတ တန်ဂျာသည် ၄င်းအနေဖြင့် သမ္မတအဖြစ် တတိယအကြိမ် ဆက်လက်အရွေးခံခွင့်ရရန်နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကိုယမန်နှစ်သြဂုတ်လက ပြင်ဆင်ရေးဆွဲခဲ့သည်။ ထိုအချိန်မှစ၍ အတိုက်အခံအင်အားစုများက ဆန့်ကျင်ကန့်ကွက်သဖြင့် မငြိမ်သက်မှုများ ကြုံခဲ့ရသည်။ လက်ရှိအစိုးရအဖွဲ့နှင့် အတိုက်အခံများအကြား ဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ချေ။ ယမန်နေ့က သမ္မတတန်ဂျာ၏အိမ်ကို စစ်တပ်မှ ဝိုင်းရံ၍ သမ္မတအား ဖမ်းဆီးခဲ့သည်။ နိုင်ငံအားဒီမိုကရေစီဖြစ်ပေါ်ရေးကောင်စီက ထိန်းသိမ်းလိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။ ဝန်ကြီးအဖွဲ့အားလည်း ထိန်းသိမ်းထားခဲ့သည်။ ထို့နောက် အခြေခံဖွဲ့စည်းပုံကို ရုပ်သိမ်း၍ အစိုးရအေဂျင်စီအားလုံး၏ လုပ်ငန်းများ ရပ်ဆိုင်းခဲ့သည်။ လောလောဆယ်တွင် နယ်ခြားစခန်းများကို ပိတ်ထား၍ အရေးပေါ်အမိန့် ထုတ်ပြန်ထားသည်။ အာဏာသိမ်းအဖွဲ့က နိုင်ငံသူနိုင်ငံသားများ အေးချမ်းငြိမ်သက်စွာ လုပ်ငန်းများလုပ်ကိုင်ကြရန်နှင့် ကောင်စီမှ ထုတ်ပြန်သော အမိန့်များကို လိုက်နာကြရန် ကြေညာချက်ထုတ်ပြန်ခဲ့သည်။(ဘီဘီစီ)

## အမေရိကန်လေယာဉ်တင်သင်္ဘောဟောင်ကောင်ဆိပ်ကမ်း ဆိုက်ကပ်

အမေရိကန်ပြည်ထောင်စုက ဒေါ်လာ(၆.၄)ဘီလီယံတန်ဖိုးရှိသော လက်နက်ခဲရမ်းမီးကျောက် မျိုးစုံကို တရုတ်တိုင်ပေသို့ ရောင်းချရန် ပြင်ဆင်လျက်ရှိသည်။ ဤအတောအတွင်း တိဘက်ပြည်ပြေးခေါင်းဆောင် ဒလိုင်ဖားမားသည် အမေရိကန်သမ္မတနှင့်တွေ့ဆုံဆွေးနွေးရန် ဝါရှင်တန်သို့ ရောက်ရှိလျက်ရှိသည်။ ယင်းဖြစ်ရပ်များကြောင့် တရုတ်အစိုးရက အမေရိကန်အစိုးရအား ပြစ်တင်ပြောဆို၍ နှစ်နိုင်ငံဆက်ဆံရေးအား လိပ်ခဲတင်းလင်းဖြစ်လျက်ရှိသည်။ ဤကဲ့သို့သောအချိန်တွင် အမေရိကန်ရေတပ်မှ လေယာဉ်တင် သင်္ဘောကြီး နီးမစ်သည် ဟောင်ကောင်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခဲ့သည်။ ဆက်ဆံရေးမပြေလည်သော်လည်း တရုတ်အစိုးရက သင်္ဘောဆိုက်ကပ်ရန် ခွင့်ပြုပေးခဲ့သည်။ အမေရိကန်ရေတပ် ဗိုလ်ချုပ်ကြီး ဂျွန်မစ်လာက အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် အခြားကိစ္စများတွင် သဘောထားကွဲလွဲသော်လည်း ရေကြောင်းလုံခြုံရေးကိစ္စတွင် အတူတကွလက်တွဲ ဆောင်ရွက်နိုင်ကြောင်း မိမိတို့သည် ပုံမှန်တိုင်း လေးရက်တာလာရောက်လည်ပတ်ခြင်း ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။(အေအက်ဖ်ပီ)

## အာဂျင်တီးနားနှင့် ဖောက်ကလန်ကျွန်းစုများအကြား ဖြတ်သန်းရန်ခွင့်ပြုချက်လို

အာဂျင်တီးနားနိုင်ငံနှင့် ဖောက်ကလန်ကျွန်းစုများအကြားရှိ ရေပြင်တွင် ဖြန်သန်းသွားလာမည့် ရေယာဉ်များသည် အာဂျင်တီးနားအစိုးရ၏ခွင့်ပြုမိန့်ကို ရှေးဦးစွာရယူရမည်ဟု အာဂျင်တီးနားအစိုးရက ထုတ်ပြန်ကြေငြာသည်။ ဖောက်ကလန်ကျွန်းစုကို အင်္ဂလန်နိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့က သူပိုင်ငါပိုင်အငြင်းပွားလျက်ရှိကြသည်။ ယခုအခါ အင်္ဂလန်နိုင်ငံက ထိုကျွန်းစုအနီး ကမ်းလွန်တွင် ရေနံရှာဖွေရေး လုပ်ငန်းများ စတင်နေပြီဖြစ်သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ အာဂျင်တီးနားအစိုးရက အင်္ဂလန်နိုင်ငံအားကန့်ကွက်ထားသည်။(ဘီဘီစီ)

## အမေရိကန်တွင် နျူကလီးယားစွမ်းအင်စက်ရုံနှစ်ခု တည်ဆောက်မည်

အမေရိကန်နိုင်ငံတွင် ၁၉၇၉ခုနှစ်က သုံးမိုင်ကျွန်းရှိ နျူကလီးယား ဓာတ်အားစက်ရုံ ယိုစိမ့်မှုဖြစ်ပြီးနောက်ပိုင်း စက်ရုံအသစ်များတည်ဆောက်ခြင်းကိုပိတ်ပင်ထားခဲ့သည်။ ယခုအခါ အမေရိကန်အစိုးရသည် နောက်ထပ် နျူကလီးယားစက်ရုံနှစ်ခုကို နှစ်သုံးဆယ်အတွင်း တည်ဆောက်ရန် ပြည်ထောင်စုချေးငွေ ဒေါ်လာ ၈ ဘီလီယံ ထုတ်ပေးရန် အာမခံကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။ ၄င်းစက်ရုံနှစ်ရုံသည် ဂျော်ဂျီယာပြည်နယ်တွင် တည်ဆောက်မည်ဖြစ်သည်။ ဤသို့တည်ဆောက်ခြင်းဖြင့် နိုင်ငံ၏အနာဂတ်စွမ်းအင်လိုအပ်ချက်ကို တစိတ်တပိုင်း ဖြည့်ဆည်းရာရောက်သည့်အပြင် နျူကလီးယားစွမ်းအင်သည် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်၍ လုံခြုံစိတ်ချရမည်ဟု ပြောဆိုသည်။ ယင်း စက်ရုံစီမံကိန်းကြောင့် အလုပ်အကိုင်အခွင့်အလမ်း သုံးထောင်ကျော်ပေါ်ပေါက်လာမည်ဖြစ်သည်။(ဘီဘီစီ)

## ငါးနှစ်အတွင်း အမေရိကန်၏ သံအမတ်တစ်ဦး ဆီးရီးယားတွင်ခန့်ထား

အမေရိကန်နိုင်ငံသည် လွန်ခဲ့သော ငါးနှစ်မှစ၍ ဆီးရီးယားနိုင်ငံနှင့် ဆက်ဆံရေးအဆင့်ကို လျှော့ချထားခဲ့သည်။ ၂၀၀၅ခုနှစ်တွင် လက်ဘနွန် နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း မစ္စတာ ဟာရီရီအား ဗုံးခွဲလုပ်ကြံမှုတွင် ဆီးရီးယားနိုင်ငံ ပါဝင်ပတ်သက်ကြောင်း အထောက်အထားများတွေ့ရှိရ၍ဆီးရီးယားနိုင်ငံမှအမေရိကန်သံအမတ်အားပြန်လည်ခေါ်ယူခဲ့သည်။ ယခုအခါ ဆက်ဆံရေးများ အတော်အသင့်ကောင်းမွန်လာသဖြင့် အီရတ်နိုင်ငံ အမေရိကန်သံရုံး၏ ဒုတိယအကြီးအကဲဖြစ်သူ မစ္စတာ ရောဘက်ဖို့ဒ်အား ဆီးရီးယားနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်အဖြစ် ခန့်ထားပေးခဲ့သည်။(အေအက်ဖ်ပီ)

## အတ္တလန္တိတ်သမုဒ္ဒရာ ဖြတ်ကျော်ပျံသန်းသည့် လေယာဉ်နောက်ကြောင်းပြန်လှည့်

လန်ဒန်မြို့မှ မက္ကဆီကိုမြို့သို့ ပျံသန်းလာသော ဗြိတိသျှလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စီးသည်အတ္တလန္တိတ်သမုဒ္ဒရာပေါ်အရောက်တွင်ခရီးသည်တစ်ဦး၏ကိုယ်ရေးအချက်အလက်များတွင် ကွဲပြားမှုများ ရှိနေသဖြင့် အမေရိကန်လေကြောင်းပိုင်နက်အား ဖျက်သန်းခွင့်မရသဖြင့် နောက်ပြန်လှည့်ပြီးလျှင် လန်ဒန်မြို့လေဆိပ်တွင်ပြန်လည်ဆင်းသက်ခဲ့ရသည်။ ကိုယ်ရေးအချက် အလက်များ လွဲမှားနေသူမှာ အသက်(၅၅)နှစ်အရွယ်ရှိ အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်သည်။ ၄င်းအား မြေပြင်တွင်ချထားပြီးလျှင် ဆီထပ်မံဖြည့်တင်း၍ သောကြာနေ့ညနေပိုင်းတွင် ကျန်ခရီးသည်များ တင်ဆောင်ပြီး ပြန်လည်ထွက်ခွာသွားခဲ့သည်။(အေအက်ဖ်ပီ)

## သြစတြေးလျတွင် မူစလင်ဘာသာရေးစစ်ပွဲဖန်တီးမည့် မူစလင်ငါးဦးအား ထောင်ဒဏ်ချမှတ်

သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် မူစလင်ဘာသာရေးစစ်ပွဲ ဖန်တီးရန် စီစဉ်နေသူ ငါးဦးအား တနင်္လာနေ့ကအပြစ်ဒဏ်ချမှတ်လိုက်ပြီဖြစ်သည်ဟုသိရသည်။ ၎င်းတို့သည် သြစတြေးလျနိုင်ငံ၏ အာဖဂန်နှင့် အီရတ်စစ်ပွဲများတွင် ပါဝင်မှုအပေါ် မနှစ်မြို့သောကြောင့် ယင်းကဲ့သို့စီစဉ်ကြခြင်းဖြစ်သည်။ ၎င်းတို့အား အောက်တိုဘာလအတွင်းကလက်နက်များ၊ ခဲယမ်းမီးကျောက်များ ဓါတုပစ္စည်းများ နှင့် ဗုံးပြုလုပ်နည်းများ စသည်တို့ကို သိမ်းဆည်းရမိသဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ကြံစည်သူများအနက် လေးဦးမှာ လက်ဘနွန်မျိုးနွယ်များဖြစ်ပြီး ကျန်တစ်ဦးမှာ ဘင်္ဂလားဒေ့ရှ်လူမျိုးဖြစ်သည်။၎င်းတို့အား ထောင်ဒဏ် ၂၃ နှစ်မှ ၂၈ နှစ် အတွင်း အသီးသီး ချမှတ်စီရင်လိုက်သည်။ (အေအက်ဖ်ပီ)

## ယူကရိန်းသမ္မတရွေးကောက်ပွဲတွင် ရာနူကိုဗစ်အနိုင်ရရှိ

ယူကရိန်းနိုင်ငံ၏ ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲကို ရုရှလိုလားသူ ပစ်တာရာနူကိုဗစ်က မဲအရေအတွက် ၄၈.၉၅% ရရှိ၍ သမ္မတအဖြစ် ရွေးကောက်ခံရကြောင်း ရွေးကောက်ပွဲကော်မရှင်က ယမန်နေ့က ထုတ်ပြန်ကြေငြာသည်။ လက်ရှိဝန်ကြီးချုပ်ဖြစ်သူ တိုင်မိုရှင်ကိုက ၄၅.၄၇% ရရှိ၍ ရှုံးနိမ့်ခဲ့သည်။ ရွေးကောက်ပွဲရလဒ်များကိုမကျေနပ်သဖြင့် တရားရုံးချုပ်သို့ လျှောက်ထားတင်ပြမည်ဟု ၎င်းကပြောဆိုသည်။ ယူကရိန်းဥပဒေအရ အနိုင်ရရှိသူစာရင်းကြေငြာပြီးနောက် ရက်ပေါင်း ၃၀ အတွင်း သမ္မတသစ်ကျမ်းကျိန်ဆိုပွဲကို ကျင်းပရမည်ဖြစ်သည်။ (အေအက်ဖ်ပီ)

## ဂရိနိုင်ငံအား ကူညီရန် ဥရောပသမဂ္ဂ လက်နှေး

ဂရိနိုင်ငံ၏ အစိုးရကြွေးမြီပြဿနာသည် ဥရောပငွေကြေး ယူရို၏ တန်ဘိုးကို ထိခိုက်စေခဲ့သည်။ဘရပ်ဆဲမြို့ တွင် ကြာသပတေးနေ့ကကျင်းပသော ထိပ်သီးအစည်းအဝေးပွဲ၌ ဥရောပသမဂ္ဂအနေဖြင့် ဂရိနိုင်ငံ၏ ဆောင်ရွက်ချက်များကို ထောက်ခံကြောင်း ဖော်ပြသော်လည်း ဂရိနိုင်ငံအား ကူညီနိုင်မည့် အစီအစဉ် အသေးစိတ် တစ်ခုမျှ မပေးနိုင်ခဲ့ချေ။ ဤကိစ္စအပေါ်တွင် ဂရိဝန်ကြီးချုပ် အနေဖြင့် များစွာစိတ်မချမ်းမသာဖြစ်၍ ဥရောပသမဂ္ဂတွင် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမရှိကြောင်း ဂရိနိုင်ငံ၏ယုံကြည်စိတ်ချရမှုကိုလည်းပျက်ပြားစေခဲ့ကြောင်းဖြင့် ရုပ်မြင်သံကြားမှ ထုတ်ဖော်ပြောဆိုသည်။ လောလောဆယ်တွင် ဂရိနိုင်ငံ၏ ကြွေးမြီများသည် သတ်မှတ်ထားသည်ထက်လေးဆမျှပိုမိုနေခဲ့သည်။လွန်ခဲ့သောရက်များအတွင်းက ဝန်ထမ်းများ၏ လစာများကို ထိန်းချုပ်၍ အငြိမ်းစားယူနိုင်မည့် အသက်ကိုလည်း တိုးမြှင့်ခဲ့ခြင်းကြောင့် ဝန်ထမ်းများ ဆန္ဒပြမှုနှင့် ကြုံတွေ့ခဲ့ရသည်။(ဘီဘီစီ)

# သတင်းအတို

## ဂျီအက်စ်အမ်ဖုန်းများတွင် Refill ကတ်စနစ်ယခုနှစ်အတွင်း စတင်အသုံးပြုသွားမည်ဟုသိရ

နိုင်ငံတကာ၌ အသုံးပြုသည့် Refillကတ်စနစ်ကို GSMဖုန်းများတွင် စတင်သုံးစွဲနိုင်ရန် စမ်းသပ်လျက်ရှိရာ ၂၀၁၀ပြည့်နှစ်အတွင်း စတင်အသုံးပြုနိုင်ရန် စီစဉ်လျက် ရှိကြောင်း သတင်းရရှိပါသည်။ ယခင် GSMဖုန်းများတွင် လစဉ်ဖုန်းခေါ်ဆိုခကျသင့်ငွေကို ကောက်ခံခဲ့ရာ ၂၀၀၉ခုနှစ်အတွင်း အဆိုပါ GSMဖုန်းများ၏ လစဉ် ခေါ်ဆိုခကျသင့်ငွေပေးသွင်းသည့်စနစ်ကို ကြိုတင်ငွေပေးချသည့်စနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည်။ ယခုနောက်ဆုံးအစီအစဉ်အနေဖြင့် နိုင်ငံတကာနည်းတူ Refillကတ်စနစ်ကို စတင်အသုံးပြုနိုင်ရန် စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။ "လောလောဆယ်တော့ ရန်ကုန်မြို့မှာ GSMမိုဘိုင်း ဖုန်းချထားပေးမှုကို ရပ်ဆိုင်းထားပြီး နယ်မြို့တွေမှာပဲ ပုံမှန်ချထားပေးလျက်ရှိပါတယ်။ ရန်ကုန်မြို့မှ GSMဖုန်းတွေကလွဲလို့ တခြားဖုန်းတွေကို ပုံမှန်အတိုင်း ချထားပေးလျက်ရှိပါတယ်။ တခြားမိုဘိုင်းဖုန်းအသုံးပြုလို့ရတဲ့ မြို့တွေမှာလည်း GSM, CDMA နဲ့ WCDMAစတဲ့ဖုန်းကို ပုံမှန်အတိုင်းချထားပေးနေပါတယ်" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၉ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေး ၇မျိုးကို အများပြည်သူ သုံးစွဲရန်မသင့်ဟု ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်

တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော ဆေး၇မျိုးကိုအများပြည်သူသုံးစွဲရန်မသင့်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၂ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့သည်။ အဆိုပါ ဆေး၇မျိုးမှာ ဦးသန်းတင်၏ ရင်လူး၊ ဗိုက်လိမ်းအညှော်ထုတ် (ဆေးဝါးမှုန့်)၊ မြန်မာဆေးခါးကြီးဆီးချိုကျဆေး၊ ရွှေကရင်၊ ရွှေဖားစည်၏ အကြောအဆစ်ဒဏ်ကြေလိမ်းဆေး၊ ဆရာဦးစန်းမြင့်အောင်၏ ရွှေဖားစည် တစောင်းလက်ပတ် ပျားရည်ချက်ဆေးကြီး၊ ဦးဘကြူး၏ နာမည်ကျော်စက္ကူပါလ မျက်စိကွင်းဆေး၊ သန်မြန်သူဦးသက်ဝေ၏ မူရင်းအာမခံဆေး၊ အဆင့်မြင့်တောရိုင်းစပါးလင်ဆီ(ရှယ်) အထူးသီးသန့် အထူးထုတ်လိမ်းဆေးဆီနှင့် ဂေါ်ရခါးလေး၊ ငါးပိလက်လေးတစ်၊ သွားကိုက်သွားနာပျောက်ဆေးတို့ဖြစ်သည်။ အထက်ပါဆေးတို့မှာ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း၊ ဆေးဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဆိုင်များအနေဖြင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတုနှင့် စံမညီဆေးဝါးများတင်သွင်းဖြန့်ဖြူးရောင်းချပါက တည်ဆဲဥပဒေအရအရေးယူမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်နေ့ထုတ် Popular News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## IT Specialist ဦးမိုးကျော်စိုးက "Software Development Experience in UK" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ နိုင်ငံတကာ Software Development ကုမ္ပဏီများတွင် အလုပ်လုပ်နေသော ပုံစံများ၊ အသုံးပြုနေသော နည်းပညာများ၊ လုပ်ထုံးလုပ်နည်းများကို မြန်မာလူငယ်များ သိရှိစေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ အခန်း (၂၀၅)၌ IT Specialist ဦးမိုးကျော်စိုးက "Software Development Experience in UK" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲသို့ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ Software Engineer များ၊ ကွန်ပျူတာနည်းပညာကို လေ့လာနေသူများနှင့် စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ကြပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း - ၆၅၂၂၇၆သို့ ဆက်သွယ်နိုင်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## အပြည်ပြည်ဆိုင်ရာအဘိဓမ္မာတက္ကသိုလ် အဘိဓမ္မာမူလအဝေးသင် သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပမည်

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ် အဘိဓမ္မာမူလအဝေးသင် သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်(ကြာသာပတေးနေ့)၊ နေ့လည် ၂နာရီတွင် Grand Plaza Park Royal Hotel, Corner of Signal Pagoda Road, and Yaw Min Gyee Street, Dagon Township, Yangon ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း - ၆၅၅၇၅၆၊ ၆၅၁၇၆၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိပါသည်။

## IT အလုပ်အကိုင် အခွင့်အလမ်းများဆိုင်ရာ ဟောပြောပွဲကျင်းပမည်

Myanmar Professionals Education Centre ( MPEC) နှင့် အခွင့်အလမ်းဂျာနယ်တို့ပူးပေါင်းစီစဉ်မှုဖြင့် IT နှင့်စပ်လျဉ်းသော အလုပ်အကိုင် အခွင့်အလမ်းများဆိုင်ရာ ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၀ရက်(စနေနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ ကွန်ဖရင့်ဟော၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဟောပြောပွဲတွင် ဦးရဲရင့်ဝင်း ( Bizsoft) ၊ ဦးထွန်းခိုင် (iNTEGRA System) နှင့် ဦးနေလင်းသန်း (MIT) တို့က လူငယ်များအတွက် IT နှင့်စပ်လျဉ်းသောအလုပ်အကိုင်အခွင့်အလမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လက်တွေ့လုပ်ငန်းခွင်တွင် IT ကျွမ်းကျင်းသူဝန်ထမ်းများ လိုအပ်နေမှုများကို အဓိကထား ဟောပြောကြမည်ဖြစ်သည်။ ဟောပြောပွဲသို့ တက်ရောက်လိုသူများသည် ဖုန်း - ၆၆၈၇၇၉၊ ၆၆၈၂၅၉နှင့် ၆၅၀၁၂၄တို့သို့ စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

## စာရေးဆရာမ မစန္ဒာကမိမိကိုယ်ကိုတည်ဆောက်ခြင်း ( Building up One's Own Life ) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် Sun Myanmar In'l Impex Co., Ltd. ၏ကူညီပံ့ပိုးမှုဖြင့် ဖေဖော်ဝါရီ ၂၀ရက်( စနေနေ့) မွန်းလွဲ ၂နာရီတွင်ရန်ကုန်မြို့အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝခန်းမ၌ စာရေးဆရာမ မစန္ဒာကမိမိကိုယ်ကိုတည်ဆောက်ခြင်း ( Building up One's Own Life ) ခေါင်းစဉ်ဖြင့်ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်နိုင်ကြကြောင်း ၂၀၁၀ခုနှစ်ဖေဖော်ဝါရီ ၁၈ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

## အင်တာနက်ပေါ်တွင် စာဖတ်သူနှင့် စာရေးဆရာ အမေးအဖြေ တိုက်ရိုက်ပြုလုပ်နိုင်မည်

စာဖတ်သူများနှင့်စာရေးဆရာများအမေးအဖြေကိုအင်တာနက်စာမျက်နှာပေါ်မှ တိုက်ရိုက်ပြုလုပ်နိုင်မည့် အစီအစဉ်ကို စာပေလောက စတင်တော့မည်ဖြစ်ကြောင်း သိရသည်။ ယင်းကို iview ဟူသောအမည်ဖြင့် စတင်မိတ်ဆက်ဖွင့်လှစ်မည်ဖြစ်သည်ဟု Web ရေးဆွဲသူ ဆရာဦးမိုးကျော်ကပြောသည်။ မေးဖြေကဏ္ဍများအစီအစဉ်မှာ အင်တာနက်ပေါ်ရှိ www.sarpaylawka.com ဝက်ဘ်ဆိုက်မှ လစဉ်စာရေးဆရာတစ်ဦးချင်းစီထံသို့ မေးခွန်းများ ပေးပို့မေးမြန်းနိုင်ပြီးငင်းမေးခွန်းများကို စုစည်းကာစာရေးဆရာများက ပြန်လည်ဖြေကြားမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ယခုဖေဖော်ဝါရီလအတွင်းပထမဆုံးအနေဖြင့် လူငယ်များ ပိုမိုအားပေးနစ်သက်ခြင်းကိုခံရသော စာရေးဆရာဖေမြင့်က စတင်ဖြေကြားပေးမည်ဟုသိရသည်။ မေးမြန်းရန်အတွက် http://sarpaylawka.com မှ iview ကဏ္ဍတွင်မေးမြန်းနိုင်ပြီဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင်ဖော်ပြထားပါသည်။

## CDMA 800MHz ဖုန်းများ နယ်မြေကန့်သတ်ချက်ထက် ကျော်လွန်သုံးစွဲနိုင်

နယ်မြေကန့်သတ်ချက်များဖြင့်သာ အသုံးပြုနိုင်မည်ဖြစ်သော CDMA 800MHz ဖုန်းများမှာ သတ်မှတ်ထားသော နယ်မြေများထက်ကျော်လွန်ကာ အသုံးပြု၍ရလျက်ရှိကြောင်း သိရသည်။ ယင်း CDMA 800MHz ဖုန်းများသည် နယ်မြေကန့်သတ်ချက်များဖြင့်သာ အသုံးပြုနိုင်မည်ဟု သိရှိထားခဲ့ကြသော်လည်း ယခုအခါတွင် သတ်မှတ်ထားသောနယ်မြေမြို့နယ်များတွင်သာမက အခြားမြို့နယ်များတွင်လည်း အသုံးပြု၍ ရလျက်ရှိပြီး CDMA 800MHz Frequency ရှိသော မိနိုင်သောနေရာတိုင်းတွင် သုံးနိုင်ကြောင်း ယင်းဖုန်းအသုံးပြုလျက်ရှိသူများထံမှ သိရသည်။ "ကျွန်တော်ခုကိုင်ထားတာ CDMA 800MHz ဖုန်းပါ။ အစကတော့ အထိုင်ဖုန်းနဲ့ပဲသုံးနေတာပါပဲ။ သူငယ်ချင်းတစ်ယောက်က ဖုန်းကိုဘယ်ထိသုံးလို့ရလဲစမ်းကြည့်မယ်ဆိုပြီးတော့ သူ့အထိုင်ဖုန်းကိုသယ်သွားပါတယ်။ သူ့ဖုန်းက တာမွေမြို့နယ်အတွက် လျှောက်ထားတဲ့ဖုန်းပါ။ သူကမင်္ဂလာတောင်ညွန့်ထဲကို ရောက်တော့ ဖုန်းခေါ်တယ်၊ အဲဒါလည်းခေါ်လို့ရနေပါတယ်။ ဒဂုံမြို့နယ်ကိုရောက်တော့ ကျွန်တော်တို့ကို သူကပြန်ခေါ်ပါတယ်။ ပြောလို့ရပါတယ်။ သူ့ကို ပြန်ခေါ်တော့လည်းရပါတယ်။ သူလသာမြို့နယ်ဖက်ကိုသွားတော့လည်း ခေါ်လို့ရပါတယ်။ မြေနီကုန်း၊ လှည်းတန်းနေရာလောက်ထိကို ပြောလို့ရနေပါတယ်။ CDMA 800MHz Frequency ရှိတဲ့နေရာမှန်သမျှမှာ အသုံးပြုလို့ရနေပါတယ်"ဟု CDMA 800MHz ဖုန်းအသုံးပြုသူတစ်ဦးမှပြောပြခဲ့ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မန္တလေးမြို့တွင် သက်တမ်းလွန်ဆေးဝါး ရောင်းချသောဆေးဆိုင်များကို လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူမည်

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ဆေးဆိုင်များအနေဖြင့် ရောင်းချရန်မသင့်ဟု ကြေညာထားသော သက်တမ်းလွန်ဆေးဝါးများ၊ ဆေးဝါးအတုများ ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိပါက မြို့တော်စည်ပင် ဥပဒေပုဒ်မ ၂၆အရ အရေးယူရမည်ဖြစ်ကြောင်း MCDC ကျန်းမာရေးဌာနမှ သိရသည်။ ထိုသို့ တားမြစ်ထားသည့်ကြားမှ စည်းကမ်းဖောက်ဖျက်ရောင်းချသော ဆေးဆိုင်များကို အနည်းဆုံး ဒဏ်ငွေ ကျပ် တစ်သောင်းနှင့် ထောင်ဒဏ် ၃လ အပြစ်ပေးသွားမည်ဖြစ်ပြီး ရောင်းချခွင့်လိုင်စင် ပိတ်သိမ်းသည်အထိ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း သက်တမ်းလွန်ဆေးဝါးများနှင့် ဆေးဝါးအတုများ ရောင်းချခြင်းပပျောက်စေရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (မြန်မာနိုင်ငံအထက်ပိုင်း)မှ ဆရာဝန်များနှင့် ပူးပေါင်းကာ ဆေးဆိုင်များကို ရှောင်တခင် စစ်ဆေးအရေးယူနေရကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့ထုတ် Popular News တွင် ဖော်ပြထားပါသည်။

## မြို့တွင်း ၆မြို့နယ်တွင် ယာဉ်ကြီးများသာပြေးဆွဲမည်

လသာ၊ လမ်းမတော်၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်မြို့တွင်း ၆မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မြို့တွင်းယာဉ်ကြောရှုပ်ထွေးမှု သက်သာစေရေးအတွက် ခရီးသည်တင်ယာဉ်ကြီးများသာ အစားထိုးပြေးဆွဲသွားမည်ဖြစ်ကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မထသ) မှ သိရသည်။ မြို့ပြလမ်းကြောင်း၌သာ စစ်ကျန်ဘတ်စ်များကို ပြေးဆွဲစေသကဲ့သို့ ယခုလ ၁ရက်တွင် ဒိုင်နာယာဉ်များကို မြို့တွင်း ၆မြို့နယ်၌ ပြေးဆွဲခွင့်မပြုတော့ပေ။ ဟိုင်းလတ်ယာဉ်များဖြစ်သည့် ၄၈၊ ၃၆၊ ယာဉ်လိုင်း ၃ (စိမ်း၊ဝါ၊ဖြူ) ယာဉ်လိုင်း ၁၊၃၈၊၄၆ (စိမ်း၊ဝါ)၄၃ယာဉ်များ မြို့တွင်းပြေးဆွဲမှု ရပ်နားမည်ဖြစ်သည်။ ခရီးစဉ်လမ်းကြောင်းအလိုက် ယာဉ်ကြီးများဖြင့် အစားထိုးပြေးဆွဲမည့်အပြင် မထသက ထပ်မံရရှိသည့် ခရီးသည်တင်ယာဉ်ကြီးအစီး ၂၀ကိုလည်း အစားထိုးပြေးဆွဲမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

## အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

### အနိုင်းမဲ့ရဟန်း

တစ်ခါတော့ မြို့တွင်းခေတ္တကြွနေတဲ့ ရဟန်းငယ်တစ်ပါးရဲ့ မုန့်ဝေစုကို အဲဒီရဟန်းငယ် နေအတော်ကြီးမြင့်တဲ့အထိ ကျောင်းပြန်ရောက်မလာတဲ့အတွက် မုန့်ဝေစုယူထားတဲ့ ရဟန်းတော်တွေက အရှင်သာရိပုတ္တရာကို ဆက်ကပ်လိုက်ကြပါတယ်။ အရှင်သာရိပုတ္တရာ အဲဒီမုန့်ဘုဉ်းပေးပြီးတဲ့အချိန်မှာပဲ အဲဒီရဟန်းငယ် ကျောင်းပြန်ရောက်လာပါတယ်။ ရဟန်းတော်တွေက "ငါ့ရှင်ရဲ့မုန့်ကို အရှင်သာရိပုတ္တရာ ဘုန်းပေးလိုက်ပြီ" လို့လည်း ပြောရော၊ အဲဒီ ရဟန်းငယ်က "ဩော်.... လောကမှာ အကောင်းမကြိုက်တဲ့သူရယ်လို့ ဘယ်ရှိပါ့မလဲ" လို့ အရှင်သာရိပုတ္တရာကို စောင်းချိတ်ပြီး ကဲ့ရဲ့စကားဆိုလိုက်ပါတယ်။

အရှင်သာရိပုတ္တရာလည်း သံဝေဂအကြီးအကျယ်ရပြီး အဲဒီနေ့အဲဒီအချိန်ကစလို့ မုန့်ခဲဖွယ်ကို လုံးဝမဘုန်းပေးတော့ပါဘူး။ ရဟန်းသံဃာတော်တွေ ဆွမ်းဘုဉ်းပေးပြီးရင် မုန့်သစ်သီးစတဲ့ ခဲဖွယ်ဘုဉ်းပေးကြတာ အစဉ်အလာထုံးစံဖြစ်နေပေမယ့် အရှင်သာရိပုတ္တရာကတော့ ဘယ်လောက်ကောင်းမြတ်တဲ့ ခဲဖွယ်တွေကို ဘယ်လောက်ရင်းနှီးတဲ့ ဒကာ ဒကာမကပဲ ကပ်ကပ်လုံးဝ ဘုဉ်းပေးတော်မမူတော့ပါဘူး။

ရုတ်တရက် ကြည့်လိုက်ရင် "စိတ်ဆိုးတတ်လိုက်၊ စိတ်ကောက်တတ်လိုက်တာ"လို့ ထင်ရပေမယ့် အရှင်သာရိပုတ္တရာမှာ ဒေါသကိလေသာ လုံးဝမရှိတော့ တဲ့အတွက် ဘာအကြောင်းကြောင့်မှ စိတ်ဆိုးစရာ၊ စိတ်ကောက်စရာ၊ စိတ်ညစ်စရာ၊ စိတ်ပျက်စရာ မရှိတော့ပါဘူး။ အားလုံးအပေါ် ခွင့်လွှတ်နိုင်ပါတယ်။ အားလုံးအပေါ်သည်းခံနိုင်ပါတယ်။

တကယ်တော့ မုန့်ခဲဖွယ် လုံးဝဘုဉ်းမပေးတော့တာဟာ အရှင်သာရိပုတ္တရာရဲ့ ပြတ်သားမှုပါ။ ကိုယ်နှုတ်အမူအရာမှာ ကိလေသာ အရိပ်အယောင်သန်း တာကို လုံးဝမလိုလားတဲ့ တိကျပြတ်သားမှုပါ။ သံယောဇဉ်နွယ်တဲ့လုပ်ရပ်တွေကို ရွံရှာစက်ဆုပ်တဲ့ ခိုင်မာတိကျပြတ်သားမှုပါ။

သံယောဇဉ်ပြတ်တာကို မေတ္တာကင်းမဲ့တယ်လို့ သံယောဇဉ်ပျော် ကိလောသာသမားတွေက ကဲ့ရဲ့ရှုတ်ချကြပေမယ့် တကယ်တော့ သံယောဇဉ်ပြတ်တာဟာ ပညာရှိသူတော်ကောင်းတွေရဲ့ ကိလေသာငြိမ်းအေးခြင်း ဂုဏ်တစ်မျိုးပါ။ သံယောဇဉ်ပြတ်တာနဲ့ မေတ္တာကင်းမဲ့တာလည်း လုံးဝမတူပါ ဘူး။ သံယောဇဉ်ဆယ်မျိုးရှိတဲ့အထဲက လူတွေပြောပြေနေတဲ့ သံယောဇဉ်ဆိုတာ ကာမရာဂသံယောဇဉ်ဆိုတဲ့ တဏှာကို ပြောတာဖြစ်လို့ တဏှာဆိုတာ ပြတ်လေကောင်းလေပါပဲ။

တဏှာပြတ်လေ၊ မေတ္တာကြီးလေမို့ သံယောဇဉ်ပြတ်တဲ့သူတွေဟာ အများကောင်းကျိုးကို လိုလားတဲ့မေတ္တာတရား ပိုအားကောင်းတတ်ပါတယ်။ သံယောဇဉ်ပြတ်တဲ့သူရဲ့ အများကောင်းကျိုး ဆောင်ရွက်ချက် အားလုံးဟာလည်း ကိုယ်ကျိုးမျှော်လင့်ချက် လုံးဝမပါတဲ့ သန့်သန့်စင်စင် မွန်မွန်မြတ်မြတ်တွေ ချည်းပါပဲ။

ကာမရာဂသံယောဇဉ်မှာပါတဲ့ ကာမရာဂဆိုတာ ဖိုမဆိုင်ရာ ကာမရာဂတစ်ခုတည်းကို ပြောတာမဟုတ်ပါဘူး။ သက်ရှိသက်မဲ့ ဘယ်အာရုံအပေါ်မဆို သာယာနှစ်သက်နေရင်၊ သဘောကျကျေနပ်နေရင်၊ ခင်မင်တွယ်တာနေရင်၊ စွဲလမ်းမြတ်နိုးနေရင် ကာမရာဂပါပဲ။

အရပ်ထဲမှာ သုံးနှုန်းတဲ့ တဏှာနဲ့ ဓမ္မနယ်ပယ်မှာ သုံးနှုန်းတဲ့ တဏှာလုံးဝမတူပါဘူး။ အရပ်ထဲမှာတော့ စကားလှအောင်၊ နားခံသာအောင် တဏှာကိုလည်း မေတ္တာလို့ သုံးနှုန်း၊ သံယောဇဉ်ကိုလည်း မေတ္တာလို့ သုံးနှုန်းကြပါတယ်။ ဓမ္မနယ်ပယ်မှာတော့ မေတ္တာသံယောဇဉ်ဆိုတာ လုံးဝမရှိပါဘူး။ တစ်ဖက်သားအပေါ် တွယ်တာတာ၊ တစ်ဖက်ဝတ္ထုအပေါ် နှစ်သက်တာမှန်သမျှ တဏှာတွေချည်းပါပဲ။

သံသရာမှာ ပျော်ချင်ရင် တဏှာကို မေတ္တာလို့လှည့်စားခွင့်ရှိပေမယ့် သံသရာက လွတ်ချင်ရင်တော့ တဏှာကို တဏှာလို့ အမှန်အတိုင်းမြင်ဖို့ လိုအပ်ပါတယ်။ "ငါ့မေတ္တာကို တဏှာလို့ ပြောရကောင်းလား" ဆိုပြီး ဆတ်ဆတ်လူးဖြစ်နေရင်တော့ သူတော်ကောင်းတရားနဲ့ရော၊ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ပါ အဝေးကြီး ဝေးနေဦးမှာပါပဲ။

ဆက်ရန်

# ဟာသ

## တူတဲ့အချက်

“ရိုးသားတဲ့ ပွဲစားနဲ့တခြားကမ္ဘာက ဂြိုလ်သားတစ်ယောက်ဟာ ဘယ်လိုကွာခြားနိုင်သလဲ”

“အတူတူပါပဲ ခင်ဗျာ”

“ဘာလို့ အဲသလိုပြောနိုင်တာလဲ”

“ရှာမတွေ့နိုင်လို့ပါ”

## မူးရင်မပြောနဲ့

လင်မယားနှစ်ယောက် စားသောက်ဆိုင်ထဲ ဝင်လာပြီးထမင်းမှာစားတယ်။ ယောကျ်ားလုပ်သူက စားပွဲထိုးကို

“အိုက်တယ်ကွာ အဲကွန်းဖွင့်ပါ”

“ဟုတ်ကဲ့”

ခဏနေတော့ တစ်ခါခေါ်ပြီး

“အေးလာပြီကွာ၊ အဲကွန်းပြန်ပိတ်လိုက်တော့”

“ဟုတ်ကဲ့”

နောက်ခဏနေတော့

“ဟေ့ အိုက်လာပြန်ပြီကွ၊ ပြန်ဖွင့်ပါဦး”

သည်လိုနဲ့တစ်ချိန်လုံး ပိတ်လိုက်ဖွင့်လိုက်ခိုင်းနေတယ်။ စားပြီးလို့ပြန်တော့မယ်ဆိုတော့

“တွေ့လားမိန်းမ၊ စားပွဲထိုးလေးတွေက မင်းထက်စိတ်ရှည်တယ်”

သည်တော့မိန်းမက

“ဒီဆိုင်မှာ အဲကွန်းမရှိဘူးရှင့်”

## ဟင့်အင်း

စာရေးမလေးနားကို မန်နေဂျာက အတင်းကပ်နေတာ သူဌေးက သတိထားမိတော့ စာရေးမလေးကိုခေါ်ပြီး

“မန်နေဂျာက မင်းကို စိတ်အနှောင့်အယှက်ဖြစ်အောင်များ လုပ်နေသလား”

“ဟင့်အင်း ကျွန်မရဲ့စကတ်ကသာ မန်နေဂျာရဲ့စိတ်ကို အနှောင့်အယှက်ပေးနေပုံရပါတယ် သူဌေး”

## ခုမှသိတယ်

“ရှင် ဘာလို့ကျွန်မကို စိုက်ကြည့်နေတာလဲ”

“ခုမှ မင်းကလှပါလားလို့ သတိထားမိလာလို့ပါကွာ”

“ဟွန်း ရပြီးတာ ငါးနှစ်ကျော်မှ သတိထားမိတယ်ပေါ့လေ”

“ပြောစမ်းပါဦး ဘယ်လိုကြောင့် ခုမှသတိထားမိရတာလဲ”

“မနေ့က စက္ကရီထေရီခန့်လိုက်တဲ့ကောင်မလေးလေ....၊ အေး ခုမင်းကို ကြည့်တော့သူနဲ့ တူသလိုလိုရှိလို့”

မှတ်မိသမျှ စီးပွားရေးဟာသ (ကံချွန်)

# ဇေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

February 19th မှ February 25th ကြား

အရာရာအဆင်ပြေမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ အပြိုင်အတိုက်အခံများကြားမှ ထင်ရှားသောတက်လမ်းများရရှိမည်။ အဆက်အသွယ်ကောင်းများရမည်။ ရရှိသော အခွင့်အရေးမှန်သမျှသည် အခိုင်အမာအကျိုးပြုသော အကြောင်းအရာအဖြစ်ကူးပြောင်းလာမည်။ လမ်းကြောင်းသစ်ထွင်ပြီးဆောင်ရွက်သူများမှ ထင်ရှားသောတိုးတက်မှုရမည်။ အလိုရှိရာပြည့်စုံခြင်းများကြုံမည်။ ခရီးကိစ္စအဆင်ပြေမည်။ ကောင်းသောအပြောင်းအလဲနှင့် တက်လမ်းပေါ်မည်။ မိသားစုတွင် လုပ်ငန်းမရှိသူလုပ်ငန်းရ၍ လုပ်ငန်းရှိသူတိုးတက်ခြင်းများရှိမည်။ လုပ်အားကြောင့်သာမက ကံကြောင့်ပါငွေဝင်မည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

February 19th မှ February 25th ကြား

ဦးတည်လိုက်တိုင်း ဖြတ်သန်းရာနေရာတိုင်းတွင် ရန်အတိုက်အခံရှိမည်။ စိတ်ပင်ပန်းစရာများကြုံမည်။ လူယုံထား၍မရ။ အထင်လွဲမှုများဖြေရှင်းရမည်။ မနာလိုသူများ၊ လိုက်လံတုပ ပြိုင်ဆိုင်သူများရှိမည်။ တစ်ပါးသူ ဝေဖန်မည်ကိုစိုး၍ အမှန်တကယ်လုပ်သင့်သောကိစ္စများကို မလုပ်မိခြင်းကြောင့် အခွင့်ကောင်းများ လက်လွတ်ဆုံးရှုံးနိုင်သည်။ အပြောင်းအလဲအတွက် စီစဉ်မှုများ အောင်မြင်မည်။ နိုင်ငံရပ်ခြားကံ၊ အလုပ်အကိုင်ကံကောင်းခြင်းနှင့် အရှိန်မြင့်စွာဖြစ်ပေါ်မည်။ မူလဦးတည်ထားသောလမ်းကြောင်းကို လက်တွေ့အကောင်အထည်ဖော်ရန် ခက်ခဲလင့်ကစား ပေါ်ပေါက်နေသော အခြေအနေပေးမှုအပေါ်အသုံးချ၍ လိုလားသောတိုးတက်မှုများကို ရရှိနိုင်မည်။ မတော်တဆပူလောင်ထိရှမှုသတိပြုပါ။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

February 19th မှ February 25th ကြား

တစ်ခုထက်မကသော အလုပ်အကြံအစည်များကို တစ်ပြိုင်တည်းလိုပ်ကိုင်ရင်း မနိုင်မနင်း ဖရိုဖရဲနှင့် ခရီးမရောက် ငွေကြေးကိစ္စ စကားပြောရမည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကိုလည်း ဒိုင်ခံဖြေရှင်းရမည်။ ရုံးရောက် ဂါတ်ရောက်အမှုပြဿနာများ ပတ်သက်ကြုံတွေ့ရမည်။ အမည်အလွဲသုံးစားလုပ်သူများကိုယ့်အပေါ် ခုတုံးလုပ်၍ အလုပ်အကြံဆောင်ရွက်သူများနှင့် ကြုံမည်။ စာရွက်စာတမ်းပျောက်ရှတတ်သည်။ ကိုယ်ကကြိုးစားပမ်းစား ဖန်တီးလုပ်ထားသည့်ကိစ္စကို တစ်ပါးသူက ပေါ့ပေါ့တန်တန်နှင့် လက်လွှဲလက်ပြောင်းလုပ်ရာမှ အနှစ်သာရ ကောင်းများ ပျက်သွားတတ်သည်။ မတော်တဆထိခိုက်မှု အန္တရာယ်များ အထူးသတိရှိပါ။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

February 19th မှ February 25th ကြား

အရာရာအဆင်ပြေမည်။ စိတ်ချမ်းမြေ့စရာများနှင့်ကြုံမည်။ ရှေ့တိုးဆုံးဖြတ်လုပ်ကိုင်ခြင်းများမှ ကောင်းသောအကျိုးဆက်ရလာမည်။ နေအိမ်နေရာ၊ လုပ်ငန်းနေရာပြုပြင်ခြင်း၊ အသစ်ပြောင်းလဲခြင်းများဆောင်ရွက်နိုင်သည်။ လုပ်ရိုးလုပ်စဉ်မဟုတ်သောကိစ္စများ၊ အများကိစ္စများအတွက် ဆောင်ရွက်ရကိန်းရှိမည်။ လုပ်သမျှလူသိထင်ရှားဖြစ်မည်။ ခက်ခဲသည်ဟုမျှော်လင့်ပြီး ဆိုင်းငံ့ထားသည့်ကိစ္စများကို ပြန်လည်စတင်နိုင်မည်။ အလုံးစုံအဆင်ပြေသွားမည်။ အတတ်ပညာကိုအခြေတည်၍ အောင်မြင်တိုးတက်မှုများဖြစ်ထွန်းမည်။ အရပ်တစ်ပါး၊ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် ဆက်စပ်လုပ်၍ အဆင်ပြေမည်။ အလုပ်ကိစ္စနှင့်ပတ်သက်သည့် တိုးတက်မှုမှန်သမျှကို စနစ်တကျရရှိလိမ့်မည်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

February 19th မှ February 25th ကြား

လုပ်သမျှလူသိထင်ရှားဖြစ်မည်။ ကိုယ့်အပေါ်အများကစိတ်ဝင်တစားနှင့် အာရုံစူးစိုက်ကြလိမ့်မည်။ သူတစ်ပါးနှင့် ယှဉ်လိုက်သောကိစ္စမှန်သမျှကို အသာစီးနှင့် အောင်မြင်နိုင်သောအခြေအနေရှိမည်။ သူတစ်ပါးကိစ္စများကို တာဝန်ပိုအဖြစ် ပူးတွဲကိုင်တွယ်ဆောင်ရွက်ရာမှ သူများပြဿနာ ကိုယ့်ပြဿနာ ဖြစ်လာတတ်သည်။ ဆုံးဖြတ်ချက်များမှန်ကန်မည်။ လမ်းသစ်ထွင်၍ အောင်မြင်မည်။ အတတ်ပညာပိုင်းနှင့် ဘဝအခြေအနေအလုံးစုံတို့ အလိုရှိသလောက် အောင်မြင်မည်။ ငွေအစုလိုက်ဝင်လိမ့်မည်။ အလုပ်တိုးတက်မည်။ နေရာအပြောင်းအလဲနှင့်ပတ်သက်သောကိစ္စများ၊ လူသစ်များနှင့်ဆက်နွယ်ပြီး လုပ်သောကိစ္စမှ ထူးခြားသော တိုးတက်မှုဆက်တိုက်ရမည်။ အမျိုးသမီးမိတ်ဆွေအကြီးအကဲတစ်ဦးထံမှ ကောင်းသော အထောက်အကူရမည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

February 19th မှ February 25th ကြား

တစ်ခုထက်မကသော လုပ်ငန်းရပ်များကို စနစ်တကျလုပ်၍ တိုးတက်မည်။ ငွေကြေးကိစ္စ၊ အလုပ်စီးပွားကိစ္စများတွင် ထွန်းထွန်းပေါက်ပေါက်နှင့် အောင်မြင်ခြင်းများကြုံမည်။ အချစ်ရေး၊ မေတ္တာရေးနှင့် လူမှုရေးကိစ္စများတွင် စိတ်အနှောင့်အယှက်ရှိမည်။ သံယောဇဉ်မထားသင့်သူကိုထားခြင်းများ ဖြစ်တတ်သည်။ အထင်လွဲမှားစရာများဖြစ်ပေါ်တတ်သည်။ စိမ်းကားရက်စက်မှုကို ခံရတတ်သည်။ အိမ်တွင်းပဋိပက္ခများရှိမည်။ လူမှုရေးတွင်လည်း တစ်မျိုးပြီးတစ်မျိုးပြဿနာများဖြစ်လာတတ်သည်။ တာဝန်ယူရခြင်း၊ ဖြေရှင်းပေးရခြင်းကြုံမည်။ လူရှုပ်လူပွေများ၏ စကားရှုပ်ထွေးမှုများကြား ပါဝင်ပတ်သက်မှု မရှိအောင်ထိန်းရမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

February 19th မှ February 25th ကြား

အခက်အခဲအားလုံးကိုကျော်လွှားနိုင်မည်။ အလုပ်အကြံအစည်များအောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ မိတ်ကောင်းဆွေကောင်းတွေ့မည်။ အလုပ်တိုးတက်မည်။ ငွေကြေးအဝင်ကောင်းသည်။ လက်လွှန်ထားသည်များ ပြန်လည်ရရှိမည်။ မြှုပ်နှံထားသည်များ၊ လုပ်ဆောင်ထားသည်များမှ အကျိုးထူးရရှိမည်။ လုပ်ငန်းကိစ္စများအောင်မြင်မည်။ ပျို့ရွယ်သူများ စန်းကောင်းမည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်းများကြုံမည်။ ဆုံးဖြတ်ချက်မှန်မည်။ သူတစ်ပါးနှင့်ယှဉ်ပြိုင်ရာတွင် အောင်နိုင်သောအနေအထားရှိမည်။ အရပ်ဝေးနှင့်ဆက်သွယ်လုပ်သောကိစ္စများအောင်မြင်မည်။ လူမျိုးကွဲကောင်းကျိုးပေးမည်။ ငွေကြေးကိစ္စအဆင်ပြေမည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

February 19th မှ February 25th ကြား

အထူးသတိရှိရမည်။ ကြမ္မာငင်သော ကိစ္စများလိုက်လံဆောင်ရွက်မိတတ်သည်။ တစစီကြေမွသွားသော ခံတပ်ယူသော နိမိတ်ဆောင်သည်။ ရန်အနှောင့်အယှက်တို့၏ ထိုးဖောက်မှုခံရတတ်သည်။ အတွင်းလူ၊ အနီးကပ်လူ၏ နှုတ်မစောင့် ထိန်းမှုကြောင့် ပြဿနာဖြစ်တတ်သည်။ မတော်တဆ ထိခိုက်မိတတ်သည်။ မမျှော်လင့်သော အနေအထားမှ ရန်ပေါ်ပြီး ပြဿနာများနှင့် ထိပ်တိုက်ရင်ဆိုင်ရတတ်သည်။ အနာဂတ်အတွက် ကြိုတင်စိတ်ကူးတည်ဆောက်ထားသော အရာများလက်တွေ့ အသုံးမဝင်သလိုဖြစ်မည်။ လက်ဝယ်ရထားသော အခွင့်အလမ်းများလုယူခံရမည်။ ခရီးသွား၍ အဆင်မပြေ။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

February 19th မှ February 25th ကြား

ဘဝလမ်းကြောင်းတွင် တစ်စုံတစ်ရာအတိုင်းအတာအထိ မိမိအားပံ့ပိုးကူညီကောင်းခြင်းများ ပြုခဲ့သည့်သူနှင့် အထင်မှားအမြင်မှား ပြဿနာဖြေရှင်းရခြင်းများ ကြုံမည်။ စကားအရာ၌ ပြောမှားဆိုမှားဖြစ်တတ်သည်။ မတော်တဆထိခိုက်မှုအန္တရာယ် အထူးဂရုစိုက်ရမည်။ ခိုင်မာသော လုပ်ငန်းကြီးများဟု သတ်မှတ်ထားသောအလုပ်ကိစ္စများ ဖရိုဖရဲဖြစ်မည်။ စာချုပ်စာတမ်းများ ပြင်ဆင်ချုပ်ဆိုရမည်။ အပြီးသတ်အချောကိုင်ဆောင်ရွက်သော အဆင့်မျိုးတွင် ရှေ့တိုးမရဘဲ ပြဿနာဖြစ်ခြင်းများ ထိပ်တိုက်တွေ့မည်။ ဆက်ဆံသူများမှ ကတိမတည်၊ တွဲဖက်လုပ်သူက သစ္စာဖောက်၊ ငွေကြေးစိုက်ထုတ် သုံးစွဲထားသည်များကိုပင် ပြန်မရသလိုဖြစ်မည်။ မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်သည်။ လူငယ်များအဖို့ မိတ်ဆွေသူငယ်ချင်းများကို အကြောင်းပြု၍ ခိုက်ရန်ဖြစ်တတ်သည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

February 19th မှ February 25th ကြား

သူတစ်ပါးကြောင့် ပြဿနာဖြစ်မည်။ စေတနာနှင့် ဆောင်ရွက်ပေးလိုက်သောကိစ္စအပေါ် အထင်လွဲခံရမည်။ ဖြေရှင်းရမည်။ ကိုယ်ရေးကိုယ်တာကိစ္စ ဦးစားပေး၍ မရ။အတတ်ပညာနှင့်အောင်မြင်မည်။ အခက်အခဲများကို ကျော်လွှားနိုင်မည်။ မိသားစုတွင်ကြန့်ကြာနေသည်များ ပြန်လည်ရရှိမည်။ လုပ်ငန်းခွင်မှသူများ ကိုယ့်အလုပ်နှင့်အသက်ဆိုင်သော ကိစ္စများဆောင်ရွက်ရမည်။ စုပေါင်းလုပ်ငန်းများလုပ်ရမည်။ ခြံ၊ မြေ၊ နေရာထိုင်ခင်းကိစ္စ စကားပြောရမည်။ စကားအောင်မြင်မည်။ အမှုဖြစ်သော မိတ်ဆွေ၊ အပေါင်းအသင်းအတွက် လိုက်လံကူညီပေးရမည်။ ပျို့ရွယ်သူများစန်းပွင့်မည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

February 19th မှ February 25th ကြား

မတော်တဆထိခိုက်တတ်သည်။ ရန်အန္တရာယ်အတိုက်အခံများဝန်းရံနေ၍ အရာရာသတိနှင့်ဆောင်ရွက်ပါ။ လုပ်ကိုင်သောလုပ်ငန်းများ ရုတ်တရက်ရပ်တန့်ရမည်။ အပြိုင်အဆိုင်များမည်။ ကိုယ့်ကိစ္စမဟုတ်ဘဲ တစ်ပါးသူလုပ်ငန်းများ လိုက်လံဆောင်ရွက်ရင်း ပြဿနာဖြစ်တတ်သည်။ မိဘအကြီးအကဲများ ကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။ ငွေကြေးစားရင်းဇယားလက်ပြောင်းလက်လွှဲများသတိရှိပါ။အပြောင်းအလဲကိစ္စအဆင်ပြေမည်။ လူမျိုးကွဲကောင်းကျိုးပေးမည်။ သူတစ်ပါးအပေါ်လွန်ကဲစွာ အားနာခြင်းရှောင်ပါ။ ချော်လဲတတ်သည်။ အမြင့်မှကျတတ်သည်။ ဝေလီဝေလင်းခရီးသွားခြင်းရှောင်ပါ။ ယာဉ်ကားနှင့်ထိခိုက်တတ်သည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

February 19th မှ February 25th ကြား

မေတ္တာရေးကံကောင်းမည်။ စန်းပွင့်မည်။ မိတ်ကောင်း၊ ဆွေကောင်း အထောက်အကူရမည်။ အခက်အခဲ ကျော်လွှားနိုင်မည်။ လူမျိုးကွဲ အကျိုးပေးမည်။ မနာလို အပြိုင်အဆိုင်ပြုသောသူများနှင့် ထိပ်တိုက်တွေ့မည်။ စကားမတည်သောသူများနှင့် ကြုံတွေ့ရတတ်သည်။ လူလိမ်လူရှုပ်များနှင့် ဆက်ဆံရတတ်သည်။ အနှောင့်အယှက်များ၊ အတိုက်အခံများကို ကျော်လွှားပြီးမှ အလိုရှိရာ ပြည့်စုံမည်။ အထင်လွဲမှုကိစ္စများ ဖြေရှင်းရမည်။ ရှေ့တိုးမရ၊ နောက်ဆုတ်မရ အခက်ကြုံသော ကာလဖြစ်သည်။ စီးပွားရေးကဏ္ဍတွင်လည်း အနှောင့်အယှက်များ ပြည့်နေမည်။ ရောင်းမှားဝယ်မှားဖြစ်မည်။ အကျိုးအမြတ်ရမည်ဟု မှန်းဆပြီးလုပ်သည်မှ အရှုံးနှင့်တွေ့တတ်သည်။ သံယောဇဉ်မထားသင့်သူအား မေတ္တာထားခြင်းကြောင့် စိတ်အနှောင့်အယှက်ကြုံတတ်သည်။

# အားကစား

## တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များ တင်းနစ် ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ပညာရေးဝန်ကြီးဌာနအဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက် ၁၁ နာရီတွင်ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိတက္ကသိုလ်များ တင်နစ်ကွင်း(သထုံလမ်း)၌ ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့်အမှုဆောင်များ၊အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဌေးနှင့် တာဝန်ရှိသူများ၊ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။ ဗိုလ်လုပွဲများ အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက၊ မြို့ဧတာ်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ပူးတွဲတတိယ ရရှိကြသောရန်ကုန်တက္ကသိုလ်အသင်းနှင့်ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အသင်း၊ ဒုတိယရရှိသောရန်ကုန်ပညာဧရးတက္ကသိုလ်(ခ)အသင်းနှင့် ပထမရရှိသောရန်ကုန်ပညာရေးတက္ကသိုလ်(က) အသင်းတို့အားဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။ဆက်လက်၍မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌကအမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယ ရရှိကြသော ရန်ကုန်ပညာရေး တက္ကသိုလ်(က) အသင်းနှင့်ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အသင်း၊ ဒုတိယ ရရှိသော ရန်ကုန်စီးပွားရေး တက္ကသိုလ်အသင်းနှင့်ပထမရရှိသော ဒဂုံတက္ကသိုလ်အသင်းတို့အားလည်းကောင်း၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် အနိုင်ရရှိကြသူများနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင်အနိုင်ရရှိကြသူများအားလည်းကောင်း တာဝန်ရှိသူတို့ကဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပူးတွဲတတိယရရှိကြသော ဇော်ကိုကိုထက်(ရန်ကုန်ပညာရေးတက္ကသိုလ်)နှင့် ဖြိုး ဇာနည်အောင်(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒုတိယရရှိသော မျိုးမင်းအောင်(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)၊ပထမရရှိသော အောင်ဘိုမင်း(ရန်ကုန်ပညာရေးတက္ကသိုလ်)၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပူးတွဲတတိယရရှိကြသော အိအိခိုင်(ရန်ကုန်ညာရေးတက္ကသိုလ်)နှင့်သက်မာထွန်း(ဒဂုံတက္ကသိုလ်)၊ ဒုတိယရရှိသော ချစ်သက်စု (ရန်ကုန်စီးပွားရေးတက္ကသိုလ်) နှင့်ပထမရရှိသော ခိုင်ငြိမ်းသာ(ဒဂုံတက္ကသိုလ်)တို့အားတာဝန်ရှိသူတို့က ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## အာရှကလပ်များ ချန်ပီယံ ဘောလုံးပြိုင်ပွဲ မြန်မာက အိမ်ရှင်အဖြစ် ပထမဆုံးလုပ်မည်

ကန်ဒေါ်လာတစ်သိန်းအကုန်ကျခံကာအာရှကလပ်များ ချန်ပီယံ( AFC)ဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ပထမဆုံးလက်ခံ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ အုပ်စုတွင်းပြိုင်ပွဲများကို မေလတွင် ကျင်းပမည်ဖြစ်ရာ ပြည်တွင်း MNL ဘောလုံးပြိုင်ပွဲချန်ပီယံ ရတနာပုံအက်ဖ်စီအသင်းအဆိုပါပြိုင်ပွဲသို့ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရထား၍ အုပ်စုတွင်းပြိုင်ပွဲများနှင့် ဗိုလ်လုပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် အာရှဘောလုံးအဖွဲ့ချုပ်သို့တင်ပြ တောင်းဆိုထားကြောင်း သိရသည်။ " အုပ်စုအတွင်း ပြိုင်ပွဲတွေကို မေလမှာ လုပ်မယ်၊ တစ်အုပ်စုအသင်းလေးသင်းပါမှာဆိုတော့ လာကစားမယ့်သုံးသင်းအတွက်နေထိုင်စားသောက်စရိတ်ကိုတာဝန်ယူပေးမယ်။ AFC ကအသင်းတစ်သင်းကိုဒေါ်လာ၁၅၀၀၀ ထောက်ပံ့ပေးတယ်။ပြိုင်ပွဲလုပ်ဖို့အတွက် ဒေါ်လာတစ်သိန်းလောက် သုံးစွဲဖို့မှန်းထားပါတယ်" ဟု ရတနာပုံအက်ဖ်စီအသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းက ရှင်းပြသည်။ယင်းကဲ့သို့ AFC ပြိုင်ပွဲအိမ်ရှင်အဖြစ်လက်ခံကျင်းပရေး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းကာ စတင်စီစဉ်နေပြီ ဖြစ်ကြောင်းကို ဘောလုံးအဖွဲ့ချုပ် မီဒီယာအရာရှိဦးစိုးမိုးကလည်း" အာရှတိုက်အတွင်း လိဂ်ပြိုင်ပွဲတွေကချန်ပီယံရထားတဲ့ကလပ်အသင်းတွေပြိုင်မယ့်ပွဲပါ။ လုပ်နိုင်ဖို့အတွက် ကွင်းလဲရှိပြီးသား။ သုဝဏ္ဏ၊ ဗထူးကွင်းတွေမှာ လုပ်လို့ရတယ်။အာရှဘောလုံးအဖွဲ့ချုပ်ရဲ့ အိမ်ရှင်လုပ်ခွင့်ရ စည်းကမ်းတွေကိုလိုက်နာဖို့ တောင်းဆိုထားတယ်။ ဒီပြိုင်ပွဲအတွက် ရတနာပုံကအကုန်အကျခံတာဝန်ယူပြီးဘောလုံးအဖွဲ့ချုပ်က ဦးဆောင် လုပ်ကိုင်သွားဖို့စီစဉ်နေတယ်"ဟုပြောသည်။အုပ်စုပတ်လည်ပြိုင်ပွဲများအတွက် ရတနာပုံအသင်းယှဉ်ပြိုင်ရမည့် ပွဲများကိုမန္တလေးဗထူးကွင်းတွင်ကစားမည်ဖြစ်ပြီး ကျန်သုံးသင်းပတ်လည် ပြိုင်ပွဲများကိုရန်ကုန်သုဝဏ္ဏကွင်းတွင်ကျင်းပရန်စီစဉ်ထားသည်ဟုပွဲစီစဉ်မည့် ဒေါက်တာစိုင်းဆမ်ထွန်းက ပြောသည်။ " အုပ်စုကနေ ရတနာပုံတက်ပြီး ဗိုလ်လုပွဲ ရောက်နိုင်မယ်ဆိုရင်လဲဗိုလ်လုပွဲကို အိမ်ရှင်ဖြစ်အောင်ထပ်တောင်းပါမယ်။အိမ်ရှင်ဖြစ်တဲ့အတွက်ကိုယ့်အသင်းကတစ်ပန်းအသာစီး ရနေမှာပါ" ဟုဆိုကြောင်း ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

# အနုပညာ

## <u>အိန္ဒြာကျော်ဇင်လတ်တလော ဘာတွေလုပ်ရှား</u>

နေပြည်တော်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲက ပြန်လာတဲ့ အိန္ဒြာကျော်ဇင်က ဖေဖော်ဝါရီ ၇ရက်၊ ချောင်းသာမှာ ဒါရိုက်တာဦးဒေါနရဲ့ "အချစ်ကျိုင်" ရုပ်ရှင် လက်ကျန်အခန်းများကို သွားရိုက်တာဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ရက်နေ့မှာ ရန်ကုန်ကို ပြန်ရောက်လာပါတယ်။ ဒါရိုက်တာ ဇော်မြင့်ဦးရဲ့ ဗွီဒီယိုကားသစ်အတွက် ဆံပင်ဆက်ထားတာလည်း တွေ့ရပါတယ်။

မေး- အုဝဲကြုံခဲ့ရတဲ့ အကယ်ဒမီအတွေ့အကြုံက စပြောပါဦး။

ဖြေ- အရင်နှစ်တွေထက် လူတွေအရမ်းများတာ တွေ့ရပါတယ်။ ဒီလောက်ပါပဲ။

မေး- ကိုသူရ အကယ်ဒမီပွဲမတက်လောက်ဘူးလို့ပြောပေမယ့် တွေ့လိုက်ရတယ်။ တည်းတာလည်းသင်္ဂဟဟိုတယ်၊ အုဝဲတို့တည်းတဲ့ ဟိုတယ်ပဲနော်။

ဖြေ- အကယ်ဒမီပွဲကို ဘယ်လိုတက်ဖြစ်သွားလဲဆိုတာ အုဝဲမသိဘူး။ အန်တီကတော့ တက်ဖြစ်တယ်လို့ ဖုန်းဆက်ပါတယ်။ သင်္ဂဟဟိုတယ်မှာတည်းဖို့ကတော့ အုဝဲတို့ကပဲ စီစဉ်ပေးရတာပေါ့။

မေး- သွားတုန်းကလည်း အတူတူပဲနော်။ နေပြည်တော်မှာပြနေတဲ့ ကိုအဂ္ဂထော်ဂျီရဲ့ ရုပ်ရှင်ပရိုမိုးရှင်းလက်မှတ်ထိုးမယ်ကြားပြီး အုဝဲရောက်မလာကြဘူး။

ဖြေ- အုဝဲတို့က ကားဖြစ်စီးထွက်ကြတာပါ။ အရေးထဲကိုဇော်(အရုဏ်ဦး)ရဲ့ကားက ထော်လာဂျီလိုသွားနေတော့ သူ့နောက်ကလိုက်ရင်း နေပြည်တော်ကို ဝင်တာနောက်ကျသွားတယ်။ အဲဒီအတွက် ပရိုမိုးရှင်းပွဲလည်း မသွားဖြစ်တော့ဘူး။

မေး- ကားဖြစ်စီးဆိုတော့ ဘယ်သူတွေပါလဲ။

ဖြေ- ကိုဇော်(အရုဏ်ဦး)၊ ပြေတီဦး၊ သက်မွန်မြင့်၊ အုဝဲတို့ကား၊ မအေးအေးမင်းတို့ကား၊ ကိုအောင်သူရတို့ကားတွေ တန်းစီးပြီးသွားကြတာပါ။

မေး- အုဝဲရဲ့ ဖက်ရှင်ကလည်း အားလုံးထက်ထူးခြားနေတယ်လို့ ပြောကြတယ်။

ဖြေ- အုဝဲအစ်မ ဒီဇိုင်နာမသဲရဲ့ ဖက်ရှင်ပါ။

မေး- အုဝဲရိုက်မယ့် ရုပ်ရှင်တွေအကြောင်း။

ဖြေ- ပန်းကြာဝတ်မှုန်ရိုက်မယ်။ ပြီးရင် မတ်လမှာဦးသိန်းဟန်နဲ့ ၁ကား၊ မေမှာ ၁ကား၊ မအိအိခိုင်နဲ့ ၁ကား၊ ဇွန်မှာ ၁ကား ရှိပါတယ်။

(၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ၁၇ရက်နေ့ထုတ်နံနက်ခင်းဂျာနယ်)

## <u>အကယ်ဒမီဆုပေးပွဲ မတက်ဖြစ်တာ ကျန်းမာရေးကြောင့်ပါ ဒေါ်ခင်သန်းနု</u>

၁၉၆၇၊ ၁၉၉၀နဲ့ ၂၀၀၀ပြည့်နှစ်တွေမှာ ထူးချွန်ဆုများရရှိခဲ့တဲ့ ဒေါ်ခင်သန်းနုက နေပြည်တော်မှာ ကျင်းပတဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို မတက်ရောက်တာ ၃နှစ်ရှိသွားပါပြီ။ ကျန်းမာရေးကြောင့် ရံဖန်ရံခါမှသာ ကားရိုက်တာလည်း တွေ့ရပါတယ်။ ယခုနှစ်မှာတော့ ရှေ့ဆုံးတန်းမှာ ထိုင်ခွင့်ရပြီး ဆရာဦးကြည်စိုးထွန်းနဲ့ စကားကောင်းနေတာတွေ့ရပါတယ်။ "ရုပ်ရှင်ချစ်တဲ့စိတ်နဲ့ပဲ ခရီးဝေးကြီးကို ရောက်လာတာလားအန်တီ"လို့ စကားဦးဆိုတဲ့အခါ "မှန်ပါတယ်ကွယ်၊ အမှန်တရားတွေ ပြောတာပါ။ ရုပ်ရှင်ရိုက်ချင်တဲ့စိတ်လား၊ ဟင့်အင်း သိပ်မရှိတော့ပါဘူး။ ဘယ်လိုဇာတ်တွေ ရိုက်ချင်တယ်ဆိုတာလည်း မရှိတော့ဘူး။ စိတ်မကူးတော့ဘူး။ ခုလည်း အန်တီအင်မတန်မှ ချစ်မြတ်နိုးတဲ့ အနုပညာရှင်တွေကိုလာပြီး ဂုဏ်ပြုတာ၊ အားပေးတာပါ။ အန်တီ ဒီကိုမရောက်တာ ၃နှစ်ရှိပါပြီ။ တချို့ကလည်း အသက်အရမ်းကြီးသွားလို့ မလာတာလို့ ထင်ကြတယ်(ရယ်ပါသည်)။ ကျန်းမာရေးကို ထူထူထောင်ထောင်ဖြစ်ဖို့ လုပ်ရပါသေးတယ်" လို့ ရင်တွင်းစကားတွေပြောခဲ့ပါတယ်။ (ဒေါ်)ခင်သန်းနုအတွက် ဝတ်စုံကို ကိုတွတ် (ဗိုလ်ချုပ်ဈေး)က ဒီဇိုင်းထုတ်ပြီး ချုပ်ပေးပါတယ်။ အမျိုးသမီးဇာတ်ဆောင်ဆု ဘယ်သူရနိုင်မယ်ထင်ပါသလဲဆိုတဲ့ မေးခွန်းကိုတော့ "ရပြီးတဲ့သူတွေပဲ ရမလားပဲ"လို့ အတွေ့အကြုံနဲ့ယှဉ်ပြီး သုံးသပ်ခဲ့ပါတယ်။ ဆုကြေညာတဲ့အခါမှာလည်း ဒေါ်ခင်သန်းနုတွက်ဆသလို အမျိုးသမီးဇာတ်ဆောင်ဆု (၄)ဆုရှင် မမို့က ဆွတ်ခူးရရှိသွားခဲ့ပါတယ်။

(၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ၁၇ရက်နေ့ထုတ် နံနက်ခင်း ဂျာနယ်)